HUMAN RIGHTS MYANMAR

IPCM



# ၂၀၂၅-၂၆ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း
# မြန်မာ့မီဒီယာ များအပေါ်
# ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏
# သက်ရောက်မှု

# ၂၀၂၅-၂၆ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း မြန်မာ့မီဒီယာများအပေါ် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏ သက်ရောက်မှု

ဧပြီလ၊ ၂၀၂၆ ခုနှစ်။

## အစီရင်ခံစာအနှစ်ချုပ်

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအပြီးတွင် လွတ်လပ်သောမီဒီယာများသည် ပြည်ပသို့ထွက်ခွာရန် ဖိအားပေးခံခဲ့ကြရပြီး၊ မီဒီယာဌာနအများအပြားသည် ပရိသတ်ထံ ရောက်ရှိရန်၊ သတင်းများ ထုတ်ပြန်ရန်နှင့် ၎င်းတို့၏ သတင်းလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရန် လူမှုကွန်ရက် ပလက်ဖောင်းများအပေါ်သို့ လုံးလုံးလျားလျား မှီခိုလာခဲ့ရသည်။ ၂၀၂၅-၂၆ တရားမဝင်ဟန်ပြရွေးကောက်ပွဲ ကာလအတွင်း မီဒီယာလွတ်လပ်ခွင့်အခြေအနေနှင့် ပတ်သက်သည့် ၃ စောင်တွဲအစီရင်ခံစာများအနက် ဒုတိယတစောင်ဖြစ်သော ယခုအစီရင်ခံစာတွင် [ထိုသို့ ဒစ်ဂျစ်တယ်ပလက်ဖောင်းများအပေါ်] ပိုမိုမှီခိုအားထားလာရခြင်းက ပလက်ဖောင်းများကိုယ်တိုင်နှင့် အသုံးပြုသူများထံမှ မြစ်ဖျားခံသည့် အမျိုးအစားရော ပမာဏပါ ကျယ်ပြန့်လာနေသော လူ့အခွင့်အရေးထိခိုက်နစ်နာမှုများကို မည်သို့မည်ပုံ ဖြစ်ထွန်းစေကြောင်း ဖော်ထုတ်တင်ပြထားသည်။

### အဓိက တွေ့ရှိချက်များ

- အထူးသဖြင့် ရွေးကောက်ပွဲကာလအတွင်း မီဒီယာအကြောင်းအရာများကို ကာကွယ်ပေးသည့် နိုင်ငံတကာစံနှုန်းများအပြင် ပလက်ဖောင်းတို့၏ ကတိကဝတ်များမှာ ကျယ်ပြန့်သော်လည်း၊ လက်တွေ့အကောင်အထည်ဖော်မှုကို ကြပ်မတ်ပေးနိုင်မည့်ယန္တရားများ ကင်းမဲ့နေ

သည်။ လုံလောက်သော ပွင့်လင်းမြင်သာမှု၊ သို့မဟုတ် ကုစားပေးမှုများ မပါဝင်သည့် ကတိကဝတ်များသည် လက်တွေ့တွင် အနှစ်သာရမရှိပေ။

- မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသည် ဒစ်ဂျစ်တယ်နယ်ပယ်အတွင်း ရန်လိုတိုက်ခိုက်မှုများကို ပိုမိုဆိုးရွားစေသည့် အကြောင်းအရင်းခံတခုဖြစ်ခဲ့ပြီး၊ ရွေးကောက်ပွဲနီးကပ်လာချိန်တွင် ခြိမ်းခြောက်မှုများ ပိုမိုပြင်းထန်လာကြောင်း စစ်တမ်းတွင်ပါဝင်ဖြေဆိုခဲ့သည့် မီဒီယာများ၏ ၆၉% က အစီရင်ခံခဲ့သည်။ ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှ ထိန်းချုပ်စစ်ဆေးခြင်း မရှိသလောက်ဖြစ်နေသော အဆိုပါ ရန်လိုတိုက်ခိုက်သည့် အကြောင်းအရာများ အရှိန်အဟုန်ဖြင့် မြင့်တက်လာမှုသည် အရေးကြီးသည့် နိုင်ငံသားအရေးနှင့်ဆိုင်သော အချိန်ကာလတခုတွင် မီဒီယာအား ၎င်း၏ ပရိတ်သတ်လူထုနှင့် ထိရောက်စွာ ကင်းကွာသွားစေခဲ့သည်။
- တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုမရှိသည့် 'အတွင်းပိုင်း လုပ်ဆောင်ချက်ကို အမှောင်ချထားသော (Black Box)' အယ်လ်ဂိုရီသမ်များ၏ ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ပယ်ဖျက်မှုများကြောင့် မီဒီယာတိုင်း ထိခိုက်နစ်နာခဲ့ရသည်။ ပလက်ဖောင်းများသည် သတင်းဓာတ်ပုံ (၇၆%)၊ ဗီဒီယိုများ (၅၉%) နှင့် အရေးကြီးသော စာသားသတင်းတင်ပြချက်များ (၂၀%) ကို ဖျက်ချပစ်ခဲ့ကြရာ၊ အများပြည်သူအကျိုးစီးပွားဆိုင်ရာ သတင်းအချက်အလက်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အဓိကသက်သေ အထောက်အထားများသည်လည်း မကြာခဏ ပါဝင်သွားလေ့ရှိသည်။
- ရွေးကောက်ပွဲကာလအတွင်း ပလက်ဖောင်းများထံ ဆက်သွယ်၍မရနိုင်ကြောင်း တွေ့ရှိရသည်။ စစ်တမ်းတွင် ဝင်ရောက်ဖြေဆိုခဲ့သည့် မီဒီယာများ၏ ၈၈% က သတင်းအကြောင်းအရာများ မတရားဖယ်ရှားခံရမှုကို အယူခံဝင်ရန် ကြိုးပမ်းခဲ့သော်လည်း၊ ၈၂% က ထိုလုပ်ငန်းစဉ်မှာ လုံးဝ အသုံးမဝင်ကြောင်း တွေ့ရှိခဲ့ကြသည်။ လူသားကိုယ်တိုင် ဝင်ရောက်စစ်ဆေးပေးသည့် စနစ် (Human Review) မရှိသောကြောင့် ၎င်းတို့၏ အတွေ့အကြုံကို "နားထောင်ပေးမယ့်သူမရှိဘဲ လေဟာနယ်ထဲ အော်ပြောနေရသလိုပဲ"ဟု ဖော်ပြခဲ့ကြသည်။

- ဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် မရည်ရွယ်ဘဲ ဘဏ္ဍာရေးအား ဆင်ဆာပိတ်ဆို့ကန့်သတ်သည့် ကိရိယာများ ဖြစ်လာကြသည်။ ဥပမာအားဖြင့် လုပ်ငန်း၏အခြေစိုက်ရာနိုင်ငံကဲ့သို့သော ပလက်ဖောင်းမှ (ကြော်ငြာဝင်ငွေရရှိရန်) သတ်မှတ်ထားသည့် ကိုက်ညီရမည့် စည်းကမ်းချက်များကြောင့် စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့ကြသည့် မီဒီယာများ၏ ၅၀ % မှာ ပလက်ဖောင်းထံမှ ဝင်ငွေလုံးဝမရရှိကြပေ။

ပလက်ဖောင်းများသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို လိုက်နာပါမည်ဟု လူသိရှင်ကြားကတိပြုထားသော်လည်း၊ လက်တွေ့တွင် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်အခြေစိုက်ရသည့် မီဒီယာများကို အကာအကွယ်ပေးရန် ပျက်ကွက်နေခြင်းက တာဝန်ယူမှု တာဝန်ခံမှုဟာကွက်ကို ဖြစ်ပေါ်စေခဲ့သည်။ ဤပျက်ကွက်မှုများကို ဖြေရှင်းခြင်းက နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတခုမျှသာမဟုတ်တော့ဘဲ၊ ကမ္ဘာ့ဒစ်ဂျစ်တယ်ဂေဟစနစ်အတွင်းမှ လွတ်လပ်သောအသံများ အပြီးတိုင်ပျောက်ကွယ်မသွားစေရန် မဖြစ်မနေလုပ်ဆောင်ကြရမည့် ကြားဝင်ဆောင်ရွက်မှု ဖြစ်နေပါသည်။

This project was delivered with the support of an international donor organisation that has chosen to remain anonymous for risk management purposes.

နိဒါန်း........................................................................................................................................................ 6

နိုင်ငံတကာစံနှုန်းများနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းတို့၏ ကတိကဝတ်များ.................................. 8

အကြောက်တရားလွှမ်းခြုံသော ပတ်ဝန်းကျင် နှင့် ဒစ်ဂျစ်တယ်ခြိမ်းခြောက် မှုများ၏ ပကတိအခြေအနေ ........................................................................................................................ 15

အယ်လ်ဂိုရီသမ်ဖြင့် အလိုအလျောက် စိစစ်ထိန်းချုပ်ခြင်းကြောင့် ဖြစ်ပေါ် လာရသော လူသားတို့၏ နစ်နာမှုများ ........................................................................................................................ 21

ဘဏ္ဍာရေးအရ ချန်လှပ်ကန့်သတ်ခံရခြင်းနှင့် မီဒီယာ ရေရှည်ရပ်တည်နိုင်မှု အပေါ် ၎င်းအချက်၏ သက်ရောက်မှု ........................................................................................................................ 29

နည်းပညာအသုံးပြု၍ ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်ခြင်း........................................ 32

နိဂုံး........................................................................................................................................................ 34

## နိဒါန်း

စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ငါးနှစ်ကြာ ကျူးလွန်ပြီးနောက် မြန်မာစစ်ကောင်စီသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကျင်းပကာ ၎င်းတို့၏ အာဏာသိမ်းမှု ရည်မှန်းချက်များကို အပြီးသတ်အောင်မြင်ရန် ကြိုးပမ်းခဲ့သည်။ ဤရွေးကောက်ပွဲကို "ဟန်ပြသက်သက်သာ"[1] ဖြစ်သည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက ကျယ်ကျယ်ပြန့်ပြန့် ပြစ်တင်ရှုတ်ချခဲ့ကြပြီး၊ ဒေသတွင်း အဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုကိုလည်း မရရှိခဲ့ပေ။

ကျွန်ုပ်တို့၏ ယခင်အစီရင်ခံစာဖြစ်သည့် *"၂၀၂၅-၂၆ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်သော သတင်းမီဒီယာများအပေါ် စစ်တပ်၏ ပိတ်ဆို့ကန့်သတ်ပုံ "* တွင် စစ်တပ်မှ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများကို သိမ်းပိုက်ခဲ့မှုအကြောင်း လေ့လာသုံးသပ်ခဲ့ပြီး၊ ယခုအစီရင်ခံစာတွင်မူ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏ အခန်းကဏ္ဍကို အာရုံစိုက်ထားသည်။ အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာသည့် ကာလအတွင်း ကမ္ဘာ့ဒစ်ဂျစ်တယ်ဂေဟစနစ်ကို အသုံးပြု၍ နည်းလမ်းရှာလှုပ်ရှားဖြတ်သန်းခဲ့ကြရသော လွတ်လပ်သည့် မီဒီယာများ၏ လက်တွေ့ဘဝ အတွေ့အကြုံများကို မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

လက်တွေ့ အတွေ့အကြုံများတွင် စစ်တပ်နှင့် စစ်တပ်ထောက်ခံသူတို့ထံမှ အွန်လိုင်းတိုက်ခိုက်မှုများသာမက ပလက်ဖောင်းများ၏ မူဝါဒအကောင်အထည်ဖော်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများလည်း ပါဝင်သည်။ ဤအစီရင်ခံစာသည် ပလက်ဖောင်းများ၏ အကြောင်းအရာစိစစ်တည်းဖြတ်မှုစနစ်များ (Content Moderation Systems) နှင့် ၎င်းစနစ်က မီဒီယာများ၏ အယ်ဒီတာအာဘော် ရွေးချယ်မှုများ၊ ဝင်ငွေရရှိမှုနှင့် နောက်ဆုံးတွင် မီဒီယာများ ရေရှည်ရပ်တည်နိုင်မှုအပေါ် သက်ရောက်ချက်များကို လေ့လာထားပါသည်။ အစီရင်ခံစာတွေ့ရှိချက်များသည် မီဒီယာများအတွက်သာမကဘဲ ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့်လည်းကောင်း၊ သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးနှင့် ကျူးလွန်သူများ ပြစ်ဒဏ်မှကင်းလွတ်နေခြင်းဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းစီမံချက် (UN Plan of Action on the Safety of Journalists and the Issue of Impunity) ကဲ့သို့သော နိုင်ငံတကာအစီအစဉ်များနှင့်လည်းကောင်း သက်ဆိုင်မှုရှိသည်။ တွေ့ရှိချက်များသည် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) ပုဒ်မ ၁၉

[1] OHCHR (2026), "Myanmar: UN expert's report highlights junta's fraudulent claim to legitimacy, urges States to denounce 2023 'sham' elections"; AP (2026), "ASEAN does not recognize Myanmar's elections, which military-backed party claims to have won".

အပါအဝင်၊ သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးနှင့် ကျူးလွန်သူများ ပြစ်ဒဏ်မှကင်းလွတ်နေခြင်းဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းစီမံချက် ကဲ့သို့သော နိုင်ငံတကာအစီအစဉ်များ၏ စံနှုန်းများပေါ်တွင် အခြေခံထားပါသည်။

## သုတေသနနည်းလမ်း

ဤအစီရင်ခံစာပါ တွေ့ရှိချက်များသည် ၂၀၂၅ နှင့် ၂၀၂၆ ရွေးကောက်ပွဲကာလအတွင်း ဒစ်ဂျစ်တယ်ဆိုင်ရာ ချိုးဖောက်မှုများနှင့် ရင်ဆိုင်ခဲ့ရသော မီဒီယာများကို နည်းပညာနှင့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်ခဲ့သည့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ် (Rapid-Response Mechanism) မှ ရရှိလာခြင်း ဖြစ်ပါသည်။အစီရင်ခံစာသည် မြန်မာ့မီဒီယာများ အများဆုံးအသုံးပြုသည့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများကို အဓိကထား လေ့လာထားသော်လည်း၊ တွေ့ရှိချက်အများစုကမူ တည်ရှိနေသည့် အခြားသောပလက်ဖောင်းများနှင့် နောင်အနာဂတ်တွင် ရှိလာနိုင်သည့် ပလက်ဖောင်းများ အားလုံးအတွက်ပါ အကျုံးဝင်သည်။

ကျွန်ုပ်တို့သည် ဤစီမံကိန်းကာလအတွင်း မီဒီယာပေါင်း (၄၄) ခုနှင့် လက်တွဲဆောင်ရွက်ခဲ့ပြီး စနစ်တကျ ကျူးလွန်ထားသော ဒစ်ဂျစ်တယ်နှောင့်ယှက်ဟန့်တားမှုများအကြား ရှန်းကန်ဖြတ်သန်းခဲ့ရသည့် မီဒီယာအကြီးတန်းဝန်ထမ်းများ၊ အယ်ဒီတာများနှင့် မီဒီယာပိုင်ရှင်များကို အရည်အသွေးအခြေပြု စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ပါသည်။ ဤအစီရင်ခံစာတလျှောက် ဖော်ပြထားသော ရာခိုင်နှုန်းကိန်းဂဏန်းများသည် အဆိုပါ မီဒီယာတိုက် (၄၄) ခုအပေါ် အခြေခံထားခြင်း ဖြစ်သော်လည်း မြန်မာနိုင်ငံရှိ ပိုမိုကျယ်ပြန့်သော မီဒီယာကဏ္ဍတခုလုံး၏ အခြေအနေကိုလည်း ထင်ဟပ်သရုပ်ဖော်ပြနေပါသည်။

ကျွန်ုပ်တို့သည် မီဒီယာများ၏ထွက်ဆိုချက်များမှ ခံစားချက်နှင့် သဘောထားအမြင်များကို မူလအတိုင်း ထိန်းသိမ်းဖော်ပြထားပါသည်။ ထိုသို့လုပ်ဆောင်ခြင်းမှာ ဤအစီရင်ခံစာသည် အရေအတွက်အချက်အလက်များသာမကဘဲ၊ နိုင်ငံရေးဖြစ်စဉ်အတွင်း ပလက်ဖောင်းများ၏ ပျက်ကွက်မှုများအပေါ် မီဒီယာသမားများ၏ ကျွမ်းကျင်သူအမြင်များကိုပါ ထင်ဟပ်စေရန် ဖြစ်သည်။ ပါဝင်ဖြေဆိုသူအားလုံး၏ ဘေးကင်းလုံခြုံရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်သည့် အချက်အလက်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

# နိုင်ငံတကာစံနှုန်းများနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းတို့၏ ကတိကဝတ်များ

ရွေးကောက်ပွဲအချိန်ကာလအတွင်း ပဋိပက္ခဒေသများ၌ ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် ပတ်သတ်၍ မီဒီယာများ၏ အတွေ့အကြုံများကို လက်ရှိပြဌာန်းထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးမူဘောင်များ၊ မီဒီယာလွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် အဆိုပါ ပလက်ဖောင်းများ၏ ကတိကဝတ်များနှင့် နှိုင်းယှဉ်ဆန်းစစ်ရမည် ဖြစ်သည်။ အစီရင်ခံစာ၏ ယခုအပိုင်းတွင် အကျုံးဝင်သော နိုင်ငံတကာစံနှုန်းများနှင့် ပလက်ဖောင်းများ၏ မူဝါဒများအနက် သက်ဆိုင်သည့် မူဝါဒအချို့ကို ခြုံငုံဖော်ပြထားပါသည်

**စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်မူများ (UNGPs)**

UNGPs သည် စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်နေသော လူ့အခွင့်အရေး ထိခိုက်သက်ရောက်မှုများ ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သြဇာတိက္ကမရှိသည့် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းဖြစ်သည်။ လမ်းညွှန်မှု အများအပြားမှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းများအပေါ် မီဒီယာများ၏ အတွေ့အကြုံများနှင့် တိုက် ရိုက်သက်ဆိုင်မှုရှိသည် -

- လမ်းညွှန်မှု ၁၃ (လေးစားလိုက်နာရန် တာဝန်ရှိမှု) - ကုမ္ပဏီများသည် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်စေမည့် ကိစ္စရပ်များကို ကိုယ်တိုင်ကျူးလွန်ခြင်း၊ သို့မဟုတ် ပါဝင်ပတ်သက်ခြင်းတို့မှ ရှောင်ကြဉ်ရမည်ဟု ဤအခြေခံမူက ပြဌာန်းထားသည်။ ၎င်းတွင် ပလက်ဖောင်းများ၏ အကြောင်းအရာ စိစစ်တည်းဖြတ်မှု လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများလည်း ပါဝင်သည်။

- လမ်းညွှန်မှု ၁၇ (ကုမ္ပဏီ၏ ဆောင်ရွက်ချက် အဆင့်ဆင့်တိုင်းက လူ့အခွင့်အရေးဆိုင်အပေါ် ထိခိုက်သက်ရောက်နိုင်ချေများကို ကြိုတင်ဆန်းစစ်၍ တာဝန်ယူမှုရှိစွာ ဆောင်ရွက်ခြင်း - Human Rights Due Diligence (HRDD)) - ကုမ္ပဏီများသည် ဖြစ်ပေါ်လာနိုင်ခြေရှိသော ဘေးအန္တရာယ်များကို ဖော်ထုတ်ရန်၊ တားဆီးရန်နှင့် လျှော့ချရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအခြေအနေမျိုးတွင်မူ နိုင်ငံတကာစံနှုန်းများက 'ပုံမှန်ထက်မြင့်တင်ထားသော' လူ့အခွင့်အရေးထိခိုက်နိုင်ချေ ကြိုတင်ဆန်းစစ်ချက် ("Heightened" HRDD)

ပြုလုပ်ရန် ညွှန်ကြားထားသည်။ ၎င်းမူက ပလက်ဖောင်းများအနေဖြင့် ပဋိပက္ခဖြစ်ပွားရာ ပတ်ဝန်းကျင်ရှိ ထိခိုက်လွယ်သောအသံများကို အကာအကွယ်ပေးရန်အတွက် ပိုမိုတက်ကြွစွာ ဆောင်ရွက်ရန် လိုအပ်သည်။

- လမ်းညွှန်မူ ၃၁ (ထိရောက်မှု အရည်အသွေးများ) - ဤလမ်းညွှန်မူသည် နစ်နာမှုဖြေရှင်းရေး ယန္တရားများအတွက် စံမှတ်တခုကို သတ်မှတ်ပေးထားသည်။ ၎င်းစံအရ ပလက်ဖောင်းများ၏ အကြောင်းအရာ စိစစ်တည်းဖြတ်မှုအပေါ် အယူခံဝင်သည့် လုပ်ငန်းစဉ်များသည် တရားဝင်မှုရှိခြင်း၊ လွယ်ကူစွာ လက်လှမ်းမီနိုင်ခြင်း၊ ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ မျှတမှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း စသည့် အရည်အသွေးများနှင့် ပြည့်စုံရမည်ဖြစ်သည်။

## ဒစ်ဂျစ်တယ်ပလက်ဖောင်းများအား စီမံအုပ်ချုပ်မှုဆိုင်ရာ ယူနက်စကို (UNESCO) လမ်းညွှန်ချက်

ယူနက်စကို၏ လမ်းညွှန်ချက်များသည် အွန်လိုင်းပေါ်ရှိ ဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပလက်ဖောင်းများအနေဖြင့် လူ့အခွင့်အရေးကို မည်သို့ကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် မူဘောင်တခုကို ပံ့ပိုးပေးထားသည်။ အထူးသဖြင့် နောက်ခံဒေသအခြေအနေအကို အခြေပြုထားသည့် ပြဌာန်းချက်များသည် မြန်မာနိုင်ငံကဲ့သို့ အန္တရာယ်ကြီးမားသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေရသော မီဒီယာများအတွက် မရှိမဖြစ်အရေးပါလှသည် -

- ရွေးကောက်ပွဲ ဖြောင့်မတ်မှန်ကန်မှု (လမ်းညွှန်ချက် ၁၃၁ မှ ၁၄၁ အထိ) - ပလက်ဖောင်းများသည် ရွေးကောက်ပွဲမတိုင်မီ ပွင့်လင်းမြင်သာမှုရှိပြီး ဂျဲန်ဒါကွဲပြားမှုများကို အလေးပေးထည့်သွင်းစဉ်းစားသော (Gender-responsive) ဘေးအန္တရာယ်အကဲဖြတ် ဆန်းစစ်ချက်ကို လုပ်ဆောင်ရန် လမ်းညွှန်ချက်များက မျှော်လင့်ထားသည်။ ကုမ္ပဏီအနေဖြင့် အယ်လ်ဂိုရီသမ် (Algorithms) များသည် မတူကွဲပြားသော ရှုမြင်သုံးသပ်ချက်များကို ပိတ်ပင်ခြင်းမရှိစေရန် သေချာစေရမည့်အပြင်၊ နိုင်ငံရေးကြော်ငြာများနှင့် ၎င်းကြော်ငြာများအတွက် စိုက်ထုတ်သုံးစွဲထားသည့် ရန်ပုံငွေအချက်အလက်များအား အများပြည်သူကြည့်ရှုနိုင်သည့် မှတ်တမ်းများအဖြစ် ထိန်းသိမ်းထားရမည်ဖြစ်သည်။

- အရေးပေါ်အခြေအနေများနှင့် လက်နက်ကိုင် ပဋိပက္ခ (လမ်းညွှန်ချက် ၁၄၂ မှ ၁၄၄အထိ) - ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ပလက်ဖောင်းများသည် "ပုံမှန်ထက်မြှင့်တင်ထားသော" လူ့အခွင့်အရေးထိခိုက်နိုင်ချေ ကြိုတင်ဆန်းစစ်ချက် ("Heightened" HRDD) ကို လုပ်ဆောင်ရန် တာဝန်ရှိသည်။ အဓိကတာဝန်ပေးချက်များတွင် ဒေသသုံးဘာသာစကား ကျွမ်းကျင်သူများက အကြောင်းအရာများကို ကိုယ်တိုင်စိစစ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ မဖြစ်ပေါ်စေရန် ကြိုတင်သတိပေးစနစ်များကို တည်ဆောက်ထားရှိခြင်းတို့ ပါဝင်သည်။ ထို့အပြင် နိုင်ငံတကာ၏ တာဝန်ခံမှုဆိုင်ရာ ယန္တရားများအတွက် စစ်ရာဇဝတ်မှု ဖြစ်နိုင်ခြေရှိသည့် သက်သေအထောက်အထားများကိုလည်း ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။
- အန္တရာယ်ကျရောက်နိုင်သော အုပ်စုများကို ကာကွယ်ခြင်း (လမ်းညွှန်ချက် ၁၃၀) - ပလက်ဖောင်းများသည် သတင်းသမားများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက် သီးသန့်အကာအကွယ်အရံအတားများကို ဖော်ဆောင်ရမည်။ ၎င်းတွင် ဂျဲန်ဒါကွဲပြားမှုအပေါ် စနစ်တကျသက်ရောက်နေသည့် ဆိုးကျိုးများအား ဆန်းစစ်ခြင်းနှင့် ကျွမ်းကျင်ပညာရှင်တို့၏ အသံကို ပိတ်ပင်ရန်အတွက် ပလက်ဖောင်း၏ သတင်းပို့တိုင်ကြားရေး ကိရိယာများ (Reporting Tools) ကို မရိုးမသား အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်းတို့ ပါဝင်သည်။

## Facebook, Instagram နှင့် WhatsApp ပလက်ဖောင်းတို့ အပါအဝင် Meta

ဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် နိုင်ငံတကာစံနှုန်းများ၊ ၎င်းတို့၏ ကော်ပိုရိတ်တန်ဖိုးများနှင့် အလေ့အကျင့်များကို ကျင့်သုံးရန် ကုမ္ပဏီတွင်းမူဝါဒများကို ချမှတ်ထားကြသည်။ Meta သည် Facebook၊ Instagram နှင့် WhatsApp ပလက်ဖောင်းများပေါ် ရှိ သတင်းအချက်အလက် ဂေဟစနစ်ကို အကာအကွယ်ပေးရန် ရည်ရွယ်၍ ရှုပ်ထွေးနက်နဲသော မူဝါဒအလွှာပေါင်းများစွာကို ပြဌာန်းထားပြီး၊ ထိုမူဝါဒအများအပြားတွင် မီဒီယာများအတွက် သီးသန့်အကာအကွယ်ပေးချက်များ ပါဝင်သည်။

- [ကုမ္ပဏီ၏ လူ့အခွင့်အရေး မူဝါဒ](#) - Meta သည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်မှုများ (UNGPs) ကို လိုက်နာရန် အတိအလင်း ကတိပြုထားပြီး၊ အလွန်အကျွံ စောင့်ကြည့်ထောက်လှမ်းမှုနှင့် နိုင်ငံတော်၏ ကြားဝင်နှောင့်ယှက်မှုများမှ “သတင်းသမားများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ”ကို အကာအကွယ် ပေးမည် ဟု ကတိပြုထားသည်။
- [ရွေးကောက်ပွဲများအပေါ် ချဉ်းကပ်မှု](#) - ဤမူဝါဒသည် အွန်လိုင်းပေါ်တွင် ရွေးကောက်ပွဲများကို အကာအကွယ်ပေးရန်အတွက် မူဘောင်တခုကို ချမှတ်ဖော်ပြထားပါသည်။ ၎င်းတွင် ရွေး ကောက်ပွဲအတွင်း ကြားဝင်နှောင့်ယှက်မှုများကို တားဆီးရန်၊ သတင်းမှားများကို တိုက်ဖျက် ရန်၊ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်နှင့် ပြည်သူများ မဲပေးနိုင်ရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ဆောင်ရွက်သွားမည်ဟု Meta က ကတိပြုထားသည်။
- [လူမှုစံနှုန်းများ](#) - ဤမူဝါဒတွင် ကုမ္ပဏီအနေဖြင့် ၎င်း၏ ပလက်ဖောင်းများပေါ်မှ မည်သည့် အကြောင်းအရာများအား ဖယ်ရှားသွားမလဲ ဆိုသည်ကို အသေးစိတ်ဖော်ပြထားသည်။ ၎င်းတွင် သတင်းမှားများ၊ အကြမ်းဖက်မှုနှင့် အနိဋ္ဌာရုံ အကြောင်းအရာ (Violent and graphic content) ဆိုင်ရာ စည်းမျဉ်းများအပြင် အခြားသော ကန့်သတ်ချက်များ ပါဝင်သည်။
- [သတင်းတန်ဖိုးအရ ခွင့်ပြုချက်](#) - ပုံမှန်လူမှုစံနှုန်းများကို ချိုးဖောက်နေသည့် အကြောင်းအရာ ဖြစ်လင့်ကစား၊ ၎င်းအကြောင်းအရာ၏ “အများပြည်သူအကျိုးစီးပွားဆိုင်ရာတန်ဖိုး” (Public interest value) သည် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုထက် ပိုမိုအရေးပါနေပါက ပလက် ဖောင်းပေါ်တွင် ဆက်လက်ထားရှိနိုင်သည်ဟု ဖော်ပြထားပြီး၊ ယင်းမှာ အလွန်အရေးကြီး သော ပြဋ္ဌာန်းချက်တခုဖြစ်သည်။ ဥပမာအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများကို မှတ်တမ်းတင်ထားခြင်းမျိုး ဖြစ်သည်။

## Google နှင့် YouTube

Google ၏ ကတိကဝတ်များသည် ၎င်း၏ လူ့အခွင့်အရေးကို ဦးစားပေးသည့် ချဉ်းကပ်မှု (Human Rights First Approach) အပေါ်တွင် အခြေခံထားပြီး၊ ထိုချဉ်းကပ်မှုကို Search နှင့် YouTube ဂေဟစနစ်တခုလုံးတွင် ကျင့်သုံးလျက်ရှိသည်။

- Google ရှိ လူ့အခွင့်အရေး - ဤအခြေခံမူဝါဒသည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ (UNGPs) နှင့် Global Network Initiative (GNI) ၏ အခြေခံမူများကို လိုက်နာစောင့်ထိန်းရန် ကတိပြုထားပြီး၊ ထုတ်ကုန်သစ်များကို စတင်အသုံးမပြုမီ၊ သို့မဟုတ် မဖြန့်ချိမီတွင် လူ့အခွင့်အရေးထိခိုက်နိုင်ချေ ကြိုတင်ဆန်းစစ်ချက် (HRDD) ကို မပျက်မကွက် ထည့်သွင်းလုပ်ဆောင်ရန် ပြဋ္ဌာန်းထားသည်။
- YouTube ၏ EDSA ချွင်းချက်များ - YouTube သည် ပညာရေး (Educational)၊ မှတ်တမ်းတင်ခြင်း(Documentary)၊ သိပ္ပံ (Scientific) သို့မဟုတ် အနုပညာဆိုင်ရာ (Artistic) ဆိုသည့် EDSA အကြောင်းအရာများအတွက် တရားဝင်ချွင်းချက်များ ထားရှိပေးထားပြီး၊ ၎င်းတွင် မီဒီယာကဏ္ဍမှ အကြောင်းအရာများလည်း ပါဝင်ပေလိမ့်သည်။ ယင်းအကြောင်းအရာတို့တွင် ပဋိပက္ခဖြစ်ပွားရာဒေသများမှ သွေးထွက်သံယိုမြင်ကွင်းများကို လုံလောက်သော သတင်းမီဒီယာဆိုင်ရာ နောက်ခံအချက်အလက်များ (ဥပမာ - နေ့ရက်၊ တည်နေရာနှင့် အကြမ်းဖက်မှုကို ရှုတ်ချကြောင်း ဖော်ပြချက်များ) နှင့်အတူ တင်ဆက်မည်ဆိုပါက ခွင့်ပြုထားသည်။
- YouTube ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှား မူဝါဒ - ဤမူဝါဒသည် မဲပေးခွင့်အား ဖိနှိပ်ဟန့်တားခြင်းကို တားမြစ်ထားပြီး၊ ရှာဖွေမှုရလဒ်များတွင် စိစစ်အတည်ပြုထားပြီးသော သတင်းရင်းမြစ်များမှ "သြဇာရှိပြီး ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များကို ဦးစားပေးဖော်ပြမည်" ဟု ကတိပြုထားသည်။

**TikTok**

TikTok သည် ၎င်း၏ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ သမာသမတ်ရှိမှု မူဘောင်များကို တရားဝင် အတည်ပြုပြဋ္ဌာန်းလိုက်ပြီဖြစ်ကာ၊ အထူးသဖြင့် အများပြည်သူ သိသင့်သိထိုက်သည့် သတင်းတန်ဖိုးရှိအကောင့်များ (Public interest accounts) နှင့် ပတ်သက်သည့် စည်းမျဉ်းများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။

- လူ့အခွင့်အရေးကို ထိန်းသိမ်းကာကွယ်ခြင်းမူဝါဒ - ဤမူဝါဒသည် TikTok အား UNGPs နှင့်အညီ ဖြစ်စေပြီး၊ ၎င်း၏ အကြောင်းအရာစိစစ်ဖြတ်တောက်မှု အလေ့အထများကြောင့် ဖြစ်ပေါ်နိုင်သော ထိခိုက်နစ်နာမှုများကို ရှာဖွေဖော်ထုတ်ရန် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုဆန်းစစ်ခြင်း (HRIAs) ကို လုပ်ဆောင်သွားမည်ဟု ကတိပြုထားသည်။
- အများပြည်သူ သိသင့်သိထိုက်သည့် သတင်းတန်ဖိုးရှိအကောင့်များဆိုင်ရာ မူဝါဒ (ချိုးဖောက် မှုနှင့် ပိတ်ပင်ခြင်း) - TikTok သည် သတင်းမီဒီယာ အဖွဲ့အစည်းများအတွက် သီးခြားစည်း ကမ်းသတ်မှတ်ချက် တရပ်ကို ထားရှိသည်။ ထိုအကောင့်များသည် အများပြည်သူဆိုင်ရာ ဆွေးနွေးမှုများ (Civic discourse) အတွက် အရေးကြီးကြောင်း အသိအမှတ်ပြုထားသည့် အတွက် ၎င်းတို့ကို ပလက်ဖောင်းပေါ်မှ အပြီးတိုင် ဖယ်ရှားရန် "ပိုမိုမြင့်မားသော စံနှုန်း" ကို သတ်မှတ်ထားသည်။ ပြင်းထန်မှုမရှိသော ချိုးဖောက်မှုများအတွက် အကောင့်ကို ချက်ချင်း ပိတ်ပင်ခြင်း မပြုဘဲ အဆင့်လိုက် သတိပေးသည့်စနစ် (Tiered system of strikes) ကို ကျင့်သုံးမည်ဟု ကတိပြုထားသည်။
- ရွေးကောက်ပွဲများ၏ သမာသမတ်ရှိမှုကို ကာကွယ်ခြင်း - ဤမူဝါဒမှတဆင့် TikTok သည် ရွေးကောက်ပွဲဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန်နှင့် ဒေသတွင်း အချက်အလက်စစ်ဆေးသူများ (Fact-checkers) နှင့် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုထားသည်။ ၎င်းသည် အများပြည်သူဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လူထုအား လမ်းကြောင်းလွဲစေရန် ရည်ရွယ်သည့် အကြောင်းအရာများကို ဖယ်ရှားနိုင်ရေးအတွက် ဖြစ်သည်။

- အခြေအနေအလိုက် အသေးစိတ်ခွဲခြားစဉ်းစားထားသည့် မတူညီသော အကောင့်အရေးယူဆောင်ရွက်မှု - TikTok ၏ သတင်းစာမျက်နှာတွင် အတိအလင်း ဖော်ပြထားသည့် ဤစံနှုန်းသည် ရွေးကောက်ပွဲကာလအတွင်း အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ရန် ရည်ရွယ်သည်။ ထို့ကြောင့် လူ့အခွင့်အရေးကို အထောက်အကူပြုစေရန် သတင်းမီဒီယာ အဖွဲ့အစည်းများအပေါ် စည်းကမ်းချက်များ ကျင့်သုံးရာတွင် သာမန်နှင့် "အနည်းငယ် ကွဲပြားစွာ" ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

**တယ်လီဂရမ် (Telegram)**

အထက်ဖော်ပြပါ ပလက်ဖောင်းများနှင့် မတူသည်မှာ Telegram သည် ပိုမိုအားနည်းပြီး လုံလောက်မှု မရှိသော မူဝါဒများဖြင့် လည်ပတ်နေခြင်းဖြစ်ရာ၊ အသုံးပြုသူများကို အကာအကွယ်ပေးနိုင်မှု အပိုင်းတွင် သိသာထင်ရှားသော ကွာဟချက် တခုကို ဖြစ်ပေါ်နေစေသည်။

- ဝန်ဆောင်မှုစည်းကမ်းချက်များနှင့် တသီးပုဂ္ဂလကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံခွင့်မူဝါဒ - Telegram ၏ အကြောင်းအရာစိစစ်မှုသည် အများပြည်သူကြည့်ရှုနိုင်သော ချန်နယ်များရှိ "တရားမဝင်သော အကြောင်းအရာများ" အပေါ်၌သာ ကန့်သတ်ထားပြီး၊ အစိုးရများသို့ မည်သည့်အချက်အလက်မျှ မျှဝေခြင်းမပြုသည့် မူဝါဒကို ကျင့်သုံးသည်။ ၎င်းသည် အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်းအား တားမြစ်ထားသော်လည်း သတင်းထောက်များကို အကာအကွယ်ပေးရန် သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းရန်အတွက် သီးခြားမူဘောင်များ လုံးဝမရှိပေ။
- ကြော်ငြာ မူဝါဒ (အပိုဒ် ၅.၅) - နိုင်ငံရေး မဲဆွယ်စည်းရုံးမှုများ၊ ရွေးကောက်ပွဲ သို့မဟုတ် ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သည့် ကြော်ငြာများကို အတိအလင်း တားမြစ်ထားသည်။ ထို့အပြင် "ထိရှလွယ်သော အကြောင်းအရာများ" နှင့် ပတ်သက်သည့် ကြော်ငြာများကိုလည်း ဆိုင်းငံ့နိုင်ကြောင်း ဖော်ပြထားသည်။

ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှ ထုတ်ပြန်ထားသော မြင့်မားသည့် မူဝါဒရေးရာ ကတိကဝတ်များနှင့် ၎င်းတို့၏ လက်တွေ့အသုံးချမှုများအကြား ကွဲလွဲနေခြင်းသည် မီဒီယာလောက ရင်ဆိုင်နေရသည့် အဓိက အခက်အခဲပင် ဖြစ်သည်။ ပလက်ဖောင်းများက အကာအကွယ်ပေးမည်ဖြစ်ကြောင်းနှင့် ထိုက်သင့်သည့် စိစစ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း မူဝါဒစာရွက်ပေါ်တွင် ကတိပြုထားသော်လည်း၊ ရွေးကောက်ပွဲကာလအတွင်း မြေပြင်တွင် ကြုံတွေ့ရသည့် လက်တွေ့အခြေအနေမှာမူ အလွန်အမင်း လုံခြုံမှုမရှိသော အနေအထား ဖြစ်သည်။

## အကြောက်တရားလွှမ်းခြုံသော ပတ်ဝန်းကျင် နှင့် ဒစ်ဂျစ်တယ်ခြိမ်းခြောက်မှုများ၏ ပကတိအခြေအနေ

၂၀၂၅-၂၆ ရွေးကောက်ပွဲကာလသည် ဒစ်ဂျစ်တယ်ခြိမ်းခြောက်မှုများမှတဆင့် လက်တွေ့မြေပြင်တွင် အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေခဲ့ရာ၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အခြေအနေကို ပိုမိုအရှိန်မြင့် တက်လာစေခဲ့သည်။ စစ်တမ်းတွင် ပါဝင်ခဲ့သည့် မီဒီယာ၏ ၈၆ % က အွန်လိုင်းမှတဆင့် ခြိမ်းခြောက်ခံရခြင်းနှင့် တိုက်ခိုက်ခံရခြင်း စသည့် တိကျသည့်ဖြစ်ရပ်များကို အစီရင်ခံတင်ပြခဲ့ကြသည်။

*စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့သော မီဒီယာ ၈၆% က ရွေးကောက်ပွဲ ကာလအတွင်း အွန်လိုင်းပေါ်၌ တိုက်ခိုက်မှုများကို ကြုံတွေ့ရကြောင်း တင်ပြခဲ့ကြသည်။*

မြန်မာ့မီဒီယာများအတွက် အွန်လိုင်းနှင့် ပြင်ပလောကသည် ခွဲခြားမရနိုင်အောင် ဒွန်တွဲနေသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် စောင့်ကြည့်ခံရခြင်းနှင့် အွန်လိုင်းပေါ်တွင် ရန်ပြုစော်ကားခံရခြင်းတို့သည် အွန်လိုင်းပြင်ပ၌ အန္တရာယ်ဖြစ်စေရန် ထောက်ကူအားပေးနေခြင်းပင် ဖြစ်သည်။ အွန်လိုင်းမှတ်ချက်ကဏ္ဍတခုအတွင်း ပြုလုပ်ခဲ့သည့် ခြိမ်းခြောက်မှုသည် ပြင်ပမြေပြင်တွင် ကြုံတွေ့ရမည့် အကြမ်းဖက်မှုများအတွက် ရှေ့ပြေးနိမိတ် ဖြစ်လာနိုင်သည်။ အဆိုပါခြိမ်းခြောက်မှုသည် လက်တွေ့တွင် အကောင်အထည်ပေါ်မလာခဲ့လျှင်ပင် စိတ်ပိုင်းဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြုံတွေ့ခံစားရသည်။

## ပြည်ပနှင့် ပြည်တွင်းတွင် တပြိုင်နက်တည်း လည်ပတ်နေရသော သတင်းသမားများအတွက် အန္တရာယ်

မီဒီယာများသည် ဘက်ပေါင်းစုံတွင် သတင်းအချက်အလက် ရှာဖွေပိုင်ခွင့်နှင့် ဖြန့်ဝေပိုင်ခွင့်ကို ချိုးဖောက်ခံနေရသည်။ မြန်မာ့လွတ်လပ်သော မီဒီယာဌာနများကို ပြည်ပရောက်မီဒီယာ (Exile media) ဟု မကြာခဏ ဖော်ပြလေ့ရှိသော်လည်း၊ ထိုအသုံးအနှုန်းမှာ အခြေအနေမှန်နှင့် ကိုက်ညီမှု မရှိသည့် အခေါ်အဝေါ်သာ ဖြစ်သည်။ အဆိုပါ မီဒီယာဌာနများသည် ရုံးချုပ်ကို ပြည်ပတွင် အခြေစိုက်ထားသော်လည်း၊ လုပ်ငန်းလည်ပတ်မှုပိုင်းတွင်မူ အမြဲတမ်းအန္တရာယ်များနှင့် ရင်ဆိုင်နေရသည့် မြန်မာနိုင်ငံအတွင်းရှိ ဝန်ထမ်းများ၊ သတင်းထောက်များနှင့် သတင်းရင်းမြစ်များအပေါ်တွင်သာ မှီခိုအားထားနေရဆဲ ဖြစ်သည်။

အွန်လိုင်းမှ တိုက်ခိုက်မှုများသည် မီဒီယာသမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ပြင်းထန်သော စိုးရိမ်သောကများကို ဖြစ်ပေါ်စေသည်။ မီဒီယာသမားတို့၏ မိသားစုများသည် စစ်တပ်မှ ကျူးလွန်သော အကြမ်းဖက်မှု၊ ဥပဒေကြောင်းအရ နှောင့်ယှက်မှုနှင့် ငွေညှစ်မှုများ၏ ပစ်မှတ်အဖြစ် မကြာခဏကြုံတွေ့ခံစားနေရကြသူများ ဖြစ်သည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် အသက်ဆက်ရှင်ရပ်တည်ရေးအတွက် အရေးပါသော အသက်သွေးကြောများဖြစ်သကဲ့သို့ တဖက်တွင်လည်း လက်နက်သဖွယ် အသုံးချခံရနိုင်သည့်အရာများ ဖြစ်နေသည်။ စစ်တပ်သည် ဆက်သွယ်ပြောဆိုမှုများကို နည်းပညာဖြင့်ဖြစ်စေ၊ သတင်းထောက်တဦးအား ဖမ်းဆီးနှိပ်စက်၍ ၎င်း၏ ဒစ်ဂျစ်တယ်ကွန်ရက်များကို ဖော်ထုတ်ခိုင်းခြင်းဖြင့်ဖြစ်စေ ကြားဖြတ်ရယူနိုင်သည်။ အခြားအခြေစိုက်နိုင်ငံတခုတွင် ဖြစ်ပွားသည့် ဒစ်ဂျစ်တယ်လုံခြုံရေး ပေါက်ကြားမှု အသေးအဖွဲ့လေးတခုက ရန်ကုန်မြို့ရှိ နေအိမ်တလုံးအား ဝင်ရောက်စီးနင်းခံရသည်အထိ တိုက်ရိုက်ဦးတည်သွားစေနိုင်သည်။

## ပြည်ပတိမ်းရှောင်ဘဝ၏ လုံခြုံမှု ကင်းမဲ့ခြင်း

ပြည်ပသို့ တိမ်းရှောင်ခြင်းသည် သတင်းထောက်များအတွက် တစိတ်တပိုင်းမျှသာ ဘေးကင်းမှုကို ပေးစွမ်းနိုင်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် တိမ်းရှောင်နေထိုင်ရသည့် အိမ်ရှင်နိုင်ငံများတွင် ၎င်းတို့၌ တရားဝင် နေထိုင်ခွင့် မရှိကြသောကြောင့် ဖြစ်သည်။ ဥပဒေကြောင်းအရ အကာအကွယ်မဲ့ နေခြင်းသည် အမြဲတမ်း ကြောက်ရွံ့နေရခြင်းနှင့် အလွန်အမင်း သတိဝိရိယထားနေရခြင်းတို့ကို

ဖြစ်ပေါ်စေသည်။ မီဒီယာပိုင်ရှင်တဦးက “ကျွန်တော်[2] ရဲကိုလည်း ကြောက်တယ်၊ အစိုးရကိုလည်း ကြောက်တယ်၊ မြန်မာပြည်ပြန်ပို့ခံရမှာကိုလည်း ကြောက်တယ်” ဟု ပြောကြားခဲ့သလို၊ အယ်ဒီတာတဦးကလည်း “ဒေသခံအာဏာပိုင်တွေက အမြဲစောင့်ကြည့်နေတော့ ကျွန်တော် အပြင်ထွက်ဖို့တောင် ကြောက်နေရတယ်” ဟု ဆိုသည်။

ကြောက်ရွံ့မှုခံစားချက်သည် အာဏာပိုင်များထံမှသာမကဘဲ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထံမှလည်း လာသည်။ အယ်ဒီတာတဦးက “မြန်မာသတင်းထောက်အဖြစ် မပြောနဲ့ဦး၊ [ခွဲခြားဆက်ဆံတတ်သော သဘောထားများကြောင့်] မြန်မာလူမျိုးတယောက်လိုတောင် အပြင်မထွက်ရဲဘူး” ဟု ဆိုသည်။ အခြားတဦးကလည်း “သတင်းစာရှင်းလင်းပွဲတွေမှာဆိုရင် [အိမ်ရှင်နိုင်ငံက] တခြားသတင်းထောက်တွေကတောင် ကျွန်တော့်ကို စောင့်ကြည့်နေသလို ခံစားရတယ်” ဟု ပြောကြားခဲ့သည်။ ဤကဲ့သို့သော မလုံခြုံသည့် အငွေ့အသက်များသည် လုပ်ငန်းခွင်ဆိုင်ရာ အရင်းအမြစ်များနှင့် စိတ်ကျန်းမာရေးကို အမြဲတမ်း တိုက်စားယုတ်လျော့စေလျက် ရှိသည်။

အိမ်ရှင်နိုင်ငံ၏ အာဏာပိုင်များထံမှ ခြိမ်းခြောက်မှုများသည် သွားလာလှုပ်ရှားမှုနှင့် သတင်းရယူနိုင်စွမ်းတို့ကို ပြင်းထန်စွာ ကန့်သတ်ပိတ်ပင်ထားသည်။ အယ်ဒီတာတဦးက “ကျွန်တော် ခရီးသွားရင် ဖုန်း ဒါမှမဟုတ် Laptop ယူမသွားရဲဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်ကို သတင်းသမားလို့ အာဏာပိုင်တွေက သံသယရှိသွားရင် ဖမ်းဆီးခံရနိုင်သလို ငွေညှစ်ခံရနိုင်လို့ပါ” ဟု ဆိုသည်။ တရားဝင်အထောက်အထားစာရွက်စာတမ်း ရှိထားသူများပင်လျှင် အမြဲတမ်း မလုံခြုံသကဲ့သို့ ခံစားနေရသည်။ သတင်းထောက်တဦးက “ကျွန်တော့်မှာ အထောက်အထား စာရွက်စာတမ်းတချို့ ရှိနေပေမဲ့လည်း အမြဲတမ်း မလုံခြုံသလိုပဲ ခံစားနေရတယ်” ဟု ရှင်းပြခဲ့သည်။

[2] [ဘာသာပြန်ဆိုသူ၏ မှတ်ချက် - ဤအစီရင်ခံစာတွင် ဖြေဆိုသူများ၏ လုံခြုံရေးအရ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်မထားသဖြင့် ၎င်းတို့၏ ကျား/မ ဖြစ်တည်မှုကို အတိအကျ ခွဲခြားရန် ခဲယဉ်းပါသည်။ ဖြေဆိုသူများထဲတွင် အမျိုးသမီးများ ပါဝင်သော်လည်း၊ အမျိုးသမီးအဖြစ် အတိအကျ ခွဲခြားသတ်မှတ်နိုင်သည့် အခြေအနေမှအပ ကျန်ရှိ သော စကားပြောမှတ်ချက်များကို ဘာသာပြန်ရာတွင် 'ကျွန်တော်/ကျွန်တော်တို့' ဟုသာ ယေဘုယျနာမ်စား အသုံးပြုထား ပါသည်။ ထို့ကြောင့် ဖြေဆိုသူအားလုံးမှာ အမျိုးသားများချည်း မဟုတ်ကြောင်း အသိပေးအပ်ပါသည်။]

## ပြည်ပသို့ တိမ်းရှောင်နေရစဉ် မိမိဘာသာ ပြန်လည်ဆင်ဆာဖြတ်တောက်ရန် ဖိအားပေးခံရခြင်း

အဆိုပါ ခြိမ်းခြောက်မှုများသည် အွန်လိုင်းအပြင်လောကဥ္စသာ ဖြစ်ပွားသည်ဟု ထင်ရသော်လည်း၊ လက်တွေ့တွင် မီဒီယာများ၏ အွန်လိုင်းလှုပ်ရှားမှုများနှင့်လည်း အလွန်နက်ရှိုင်းစွာ ဆက်နွယ်နေပါသည်။ အိမ်ရှင်နိုင်ငံများ၏ ဖိအားပေးမှုများသည် မီဒီယာများ၏ အများပြည်သူအကျိုးစီးပွားဆိုင်ရာ ရည်မှန်းချက်ကို တိုက်ရိုက်အဟန့်အတား ဖြစ်စေသည်။ လေ့လာမှုအရ မီဒီယာများ၏ ၆၄ % သည် အိမ်ရှင်နိုင်ငံအတွင်း ကြုံတွေ့နေရသော ခြိမ်းခြောက်မှုများကြောင့် သတင်းအချက်အလက်များကို ထုတ်ဖော်ခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ရကြောင်း ဝန်ခံထားကြသည်။

*"ဒီက ဒေသခံရဲတွေ ဒါမှမဟုတ် ဒီနိုင်ငံအစိုးရရဲ့ အမှားတွေကိုသာ အမှန်အတိုင်း သတင်းရေးလိုက်ရင် ကျွန်တော်တို့ဟာ စစ်တပ်လက်ထဲကို ပြန်ပို့ခံရမယ့် အန္တရာယ်ရှိတယ်"*

သတင်းထောက်တဦးက "ကျွန်တော်တို့က ဒီမှာ ဧည့်သည်တွေပါ၊ တကယ်လို့ ဒေသခံရဲတပ်ဖွဲ့ ဒါမှမဟုတ် အိမ်ရှင်အစိုးရရဲ့ အမှားအယွင်းတွေကို အမှန်အတိုင်း သတင်းရေးမိရင် စစ်တပ်လက်ထဲ ပြန်ပို့ခံရမယ့် အန္တရာယ်ရှိပါတယ်" ဟု ရှင်းပြသည်။ ဤအခြေအနေသည် ၎င်းတို့လက်ရှိနေထိုင်ရာ ကိုယ်ပိုင်အသိုင်းအဝိုင်းအတွင်း ခံစားနေရသော ဒုက္ခများကို သတင်းဖော်ပြခြင်းမှ တားဆီးထားသည်။ ပါဝင်ဖြေဆိုသူတဦးက "ကျွန်တော်တို့ ကိုယ်တိုင်အပါအဝင် မြန်မာရွှေ့ပြောင်းလုပ်သားတွေရဲ့ ဆင်းရဲဒုက္ခတွေကို သတင်းရေးချင်ပေမဲ့ ရေးလို့မရပါဘူး" ဟု ဆိုသည်။ ထို့ပြင် မီဒီယာများသည် ရံဖန်ရံခါတွင် ဖော်ပြပြီးသား သတင်းများကိုပင် ပြန်လည်ရုပ်သိမ်းရန် ဖိအားပေးခံရလေ့ရှိသည်။ ဝါရင့်သတင်းထောက်တဦးက "အိမ်ရှင်နိုင်ငံက ဒေသခံအာဏာပိုင်တွေရဲ့ ဖိအားကြောင့် ကျွန်တော်တို့မှာ ရေးပြီးသားသတင်းတပုဒ်ကို ပြန်ဖျက်ခဲ့ရဖူးတယ်" ဟု ပြောကြားခဲ့သည်။

## အွန်လိုင်းမှ နည်းမျိုးစုံဖြင့် အဆက်မပြတ် ခြိမ်းခြောက်တိုက်ခိုက်ခံနေရခြင်း

မီဒီယာများအပေါ် အွန်လိုင်းမှ တိုက်ခိုက်မှုများသည် ဖြစ်ရိုးဖြစ်စဉ်တခုလိုပင် ဖြစ်နေသည်။ စစ်တမ်းတွင် ပါဝင်ခဲ့သည့် မီဒီယာများ၏ ၉၁ % က ရွေးကောက်ပွဲ အကြိုကာလအတွင်း ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း ပြောကြားခဲ့ကြသည်။ ထို့ပြင် မီဒီယာ ၄၇ % က အဆိုပါ တိုက်ခိုက်မှုများကို "အလွန်အကြိမ်ရေများပြားသည်" ဟု ဖော်ပြခဲ့ကြသည်။

- အကြမ်းဖက် ခြိမ်းခြောက်မှုများ - စစ်တမ်းတွင် ပါဝင်ခဲ့ကြသည့် မီဒီယာများ၏ ၁၈ % သည် အသက်အန္တရာယ် ခြိမ်းခြောက်မှုများ ခံခဲ့ရပြီး၊ ၂၈ % က ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမည်ဟု ခြိမ်းခြောက်ခံခဲ့ရသည်။ အယ်ဒီတာတဦးမှာမူ "မင်းပြန်လာရင် ငါသတ်ပစ်မယ်။ မင်း ဘယ်မှာနေလဲဆိုတာ ငါတို့သိတယ်၊ တခုခုလုပ်ပစ်မယ်" ဟူ၍ပင် ပြောဆိုခြိမ်းခြောက်ခံခဲ့ရသည်။
- ဥပဒေကြောင်းနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ နှောင့်ယှက်မှုများ - မီဒီယာ ၁၃ % သည် အဖမ်းခံရမည်ဟူသော ခြိမ်းခြောက်မှုများကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသည်။ အယ်ဒီတာတဦးက "ရဲလာဖမ်းလိမ့်မယ်ဆိုပြီး ကျွန်တော်တို့ အမြဲတမ်း ခြိမ်းခြောက်ခံရတယ်" ဟု ဆိုသည်။ ၃၁ % မှာမူ ဂုဏ်သိက္ခာညှိုးနွမ်းစေသော အသုံးအနှုန်းများဖြင့် မကြာခဏ တိုက်ခိုက်ခံခဲ့ရသည်။ အဆိုပါ အသုံးအနှုန်းများသည် လူထုကို သဘောထားကွဲလွဲစေရန် စနစ်တကျ ရည်ရွယ်လုပ်ဆောင်ခြင်းလည်း ဖြစ်သည်။ အယ်ဒီတာတဦးက "ဒီသတင်းကို ဖော်ပြပေးလို့ အမေရိကန်ဒေါ်လာ ဘယ်လောက်ရလဲလို့ အမေးခံရဖူးတယ်" ဟု မှတ်ချက်ပြုသည်။ အခြားတဦးကလည်း "ကျွန်တော်တို့ကို သတင်းမှားဖြန့်ဝေသူတွေအဖြစ် စွပ်စွဲပြီး မီဒီညာတွေလို့ အမြဲခေါ်ခံရတယ်" ဟု ဆိုသည်။ ၁၀ % မှာမူ "နိုင်ငံတော်သစ္စာဖောက်" များ အဖြစ် တံဆိပ်ကပ်ခံခဲ့ရသည်။ "စစ်တပ်က ကျွန်တော်တို့ကို 'အဖျက်အမှောင့်မီဒီယာ' လို့ ခေါ်ပြီး တော်လှန်ရေးအင်အားစုတွေကတော့ 'ဒလန်မီဒီယာ' လို့ ခေါ်ကြတယ်" ဟု သတင်းထောက်တဦးက ပြောကြားခဲ့သည်။
- ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ကျား/မ ဖြစ်တည်မှုအပေါ် အခြေခံသော တိုက်ခိုက်မှုများ - မီဒီယာများအပေါ် တိုက်ခိုက်မှုများ၏ ၅၅ % မှာ ပုဂ္ဂိုလ်ရေးအရ ထိုးနှက်တိုက်ခိုက်မှုများ ဖြစ်သည်။ ၁၃% မှာ ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းတွင် ဖြန့်ဝေခြင်းခံခဲ့ရပြီး ၈ %မှာ လူမျိုးရေး သို့မဟုတ် ဘာသာရေးအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံသော ဘာသာစကားအသုံးအနှုန်းများဖြင့် တိုက်ခိုက်ခြင်း ခံခဲ့ရသည်။ "ကျွန်တော်တို့ရဲ့ မိသားစုတွေက မြန်မာပြည်ထဲမှာ ကျန်ခဲ့တာပါ။ ကျွန်တော်တို့က (သတင်းတင်ဆက်ရာမှာ) မျက်နှာဖော်ပြလိုက်ရင် သူတို့တွေ

ဟာ စစ်တပ်ရဲ့ရန်ရှာတိုက်ခိုက်မှုကို ခံရမယ့် အန္တရာယ်ရှိသွားနိုင်တာမို့လို့ ကျွန်တော်တို့ မျက်နှာတွေကို မဖော်ပြရဲကြဘူး” ဟု အယ်ဒီတာတဦးက မှတ်ချက်ပြုခဲ့သည်။

## ရွေးကောက်ပွဲ ကာလများအတွင်း တိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာခြင်း

ရွေးကောက်ပွဲသည် အွန်လိုင်းတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာစေရန် လှုံ့ဆော်ပေးသည့် အကြောင်းရင်းတခု ဖြစ်ခဲ့သည်။ စစ်တမ်းတွင် ပါဝင်ခဲ့ကြသည့် မီဒီယာများ၏ ၆၉ % က ရွေးကောက်ပွဲကာလအတွင်း ခြိမ်းခြောက်မှုများ ပိုမိုဆိုးရွားလာသည်ဟု ဆိုကြသည်။ အယ်ဒီတာတဦးက “ရွေးကောက်ပွဲကာလမှာ ကျွန်တော်တို့ရော ကျွန်တော်တို့ရဲ့ မိသားစုတွေပါ ခြိမ်းခြောက်မှုတွေ ပိုကြုံလာရတဲ့အတွက် ကျွန်တော်တို့အပေါ် တိုက်ခိုက်မှုတွေက ပိုပြီးတော့ ပြင်းထန်လာတယ်” ဟု မှတ်ချက်ပြုသည်။ အခြားအယ်ဒီတာတဦးကလည်း “ရွေးကောက်ပွဲကာလမှာ မီဒီယာတွေအပေါ် အကြမ်းဖက်ပြောဆိုမှုတွေနဲ့ ကြမ်းတမ်းတဲ့ တုံ့ပြန်မှုတွေ ပိုများလာတယ်” ဟု ထည့်သွင်းပြောကြားခဲ့ပြီး၊ နောက်တဦးကမူ “ရွေးကောက်ပွဲကာလအတွင်း ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေပေါ်မှာ စစ်တပ်ထောက်ခံသူတွေ ပိုများလာသလိုပဲ” ဟု ဆိုသည်။

*မီဒီယာ ၆၉% က ရွေးကောက်ပွဲ ကာလအတွင်း ခြိမ်းခြောက်မှုများ ပိုမိုဆိုးရွားလာကြောင်း ပြောကြားခဲ့သည်။*

တိုက်ခိုက်သူများသည် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်မှု အားအနည်းဆုံးသော ပလက်ဖောင်းများကို အမြတ်ထုတ်ရန် "ပလက်ဖောင်းရွေးချယ်ခြင်း” (Platform Shop) ကို လုပ်ဆောင်လေ့ရှိသည်။ ယင်း၏အကျိုးဆက်အနေဖြင့် မီဒီယာများ၏ ၆၈ % က မှတ်ချက်ပေးမှုများနှင့် တုံ့ပြန်မှုများသည် ယခင်ကထက် များစွာပို၍ ရန်လိုလာသည်ဟု ယုံကြည်ကြသည်။ အယ်ဒီတာတဦး သတိပြုမိသည်မှာ "ရွေးကောက်ပွဲကာလအတွင်း တိုက်ခိုက်မှုပုံစံ ပြောင်းလဲသွားပြီး" ပိုမိုကြမ်းတမ်းလာခြင်းဖြစ်သည်။ ယင်းအခြေအနေသည် ပရိသတ်များအကြား စိုးရိမ်ပူပန်မှုကို သိသိသာသာ မြင့်တက်စေခဲ့ပြီး၊ အားပေးပံ့ပိုးသူ ပရိတ်သတ် အလိုအပ်ဆုံးအချိန်၌ပင် မီဒီယာများနှင့် လူထုအကြား သိသိသာသာ အလှမ်းဝေးသွားစေခဲ့သည်။

## အယ်လ်ဂိုရီသမ်ဖြင့် အလိုအလျောက် စိစစ်ထိန်းချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာရသော လူသားတို့၏ နစ်နာမှုများ

ဒစ်ဂျစ်တယ် ပလက်ဖောင်းများသည် ချို့ယွင်းချက်ရှိသော အကြောင်းအရာစိစစ်ရေးစနစ်များမှတဆင့် မီဒီယာလွတ်လပ်ခွင့်ကို ပိုမိုကန့်သတ်ပိတ်ပင်နိုင်သည်။ ရွေးကောက်ပွဲကာလအတွင်း အဆိုပါစနစ်များသည် မည်သည့်အရာက သတင်းတန်ဖိုးရှိပြီး ကျင့်ဝတ်အရ သင့်လျော်သလဲ ဟူသော မီဒီယာများ၏ ကျွမ်းကျင်ပညာရပ်ဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်ကို ကျော်လွှန်လွှမ်းမိုးလေ့ရှိသည်။

### အကြောင်းအရာများကို အလွန်အကျွံ စိစစ်ဖြတ်တောက်ခြင်း

ပလက်ဖောင်းများ၏ အကြောင်းအရာစိစစ်ရေးစနစ်များက သတင်းစာပညာဆိုင်ရာ တင်ဆက်မှုများကို ဖျက်ပစ်ခြင်းကြောင့် မီဒီယာဌာနတိုင်းသည် ထိခိုက်နစ်နာမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ တင်ဆက်မှုပုံစံများထဲတွင် ဓာတ်ပုံများသည် ဖျက်ချခံရမှု အများဆုံးဖြစ်ပြီး၊ မီဒီယာ ၇၆ % က ၎င်းတို့၏ သတင်းဓာတ်ပုံများမှာ ပလက်ဖောင်းများပေါ်မှ ဖျက်ပစ်ခြင်းခံခဲ့ရကြောင်း တင်ပြခဲ့ကြသည်။ မီဒီယာ ၅၉ % တွင်လည်း ၎င်းတို့၏ ဗီဒီယိုဖိုင်များ ဖျက်ပစ်ခံရကြောင်း အစီရင်ခံတင်ပြခဲ့ကြသည်။ စာသားဖြင့် တင်ဆက်သည့် သတင်းများပင် ကင်းလွတ်ခွင့်မရဘဲ မီဒီယာ ၂၀ % က ၎င်းတို့၏ စာသားသီးသန့်သတင်းများ ဖျက်ပစ်ခံရကြောင်း ဖြေဆိုခဲ့သည်။ အယ်ဒီတာတဦးက ဖျက်ပစ်မှုအများစုမှာ အဓိကစကားလုံးများ (Keywords) နှင့် အခြေခံပုံရိပ်ဖော်စနစ် (Image Recognition) များကြောင့် အလိုအလျောက်စနစ်များမှတဆင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယူဆသည်။

*မီဒီယာ ၇၆% က ၎င်းတို့၏ သတင်းဓာတ်ပုံများကို ပလက်ဖောင်းများက ဖျက်ပစ်ခဲ့ကြောင်း တင်ပြခဲ့သည်။*

ဤကဲ့သို့ ဖျက်ပစ်မှုများသည် ရွေးကောက်ပွဲကာလအတွင်း အများပြည်သူအကျိုးစီးပွားအတွက် အရေးပါသည့် သတင်းတင်ဆက်မှုများကို ထိခိုက်စေခဲ့သည်။ သတင်းထောက်တဦးက "စစ်တပ်ရဲ့ အကြမ်းဖက်လုပ်ရပ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရတဲ့ အခြေအနေတွေကို ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်တွေဆို ခဏခဏ ဖယ်ရှားခံရတယ်" ဟု မှတ်ချက်ပြုခဲ့သည်။ အကြောင်းအရာစိစစ်ရေးစနစ်များ

သည် လေကြောင်းတိုက်ခိုက်မှုများ သို့မဟုတ် ခြေလျင်တပ်၏ စီးနင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ အကျိုးဆက်များကို ရွေးကောက်ပွဲကာလအတွင်း အများပြည်သူ အကျိုးစီးပွားအတွက် အလွန်အရေးကြီးသော သတင်းအချက်အလက်များအဖြစ်သော်လည်း ကောင်း၊ စစ်ရာဇဝတ်မှုမြောက်နိုင်ခြေရှိသည့် သက်သေအထောက်အထားများအဖြစ်သော်လည်း ကောင်း အသိအမှတ်ပြုရမည့်အစား၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒကို ချိုးဖောက်မှုအဖြစ်သာ သတ်မှတ်ပုံရသည်။

အယ်ဒီတာတဦးက အဆိုပါ ဖယ်ရှားမှုများသည် အကြောင်းအရာ၏ နောက်ခံအခြေအနေကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ စက်ရုပ်ဆန်ဆန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပြီး၊ ရွေးကောက်ပွဲကာလ နီးကပ်လာချိန်အတွင်း “အဝတ်အစား မပြည့်စုံသည့် ဒုက္ခသည်ကလေးငယ်များ၏ ဓာတ်ပုံများ ဖျက်ပစ်ခံခဲ့ရခြင်း” ကို ဥပမာအဖြစ် ပေးခဲ့သည်။ မူဝါဒမှာ ဘေးကင်းလုံခြုံရေးအတွက် ရည်ရွယ်ကာ ချမှတ်ခဲ့ခြင်း ဖြစ်သော်လည်း လက်တွေ့တွင်မူ စစ်ဘေးရှောင်စခန်းများ၏ ဆိုးရွားလှသော အခြေအနေများကို သက်သေပြရန် ကြိုးပမ်းနေသည့် မီဒီယာများကို ထိရောက်စွာ ဆင်ဆာဖြတ်တောက်လိုက်သကဲ့သို့ ဖြစ်နေသည်။ အယ်ဒီတာတဦးက “မှတ်ပုံတင်ကတ်ပြား ဓာတ်ပုံများ” ဖျက်ပစ်ခံခဲ့ရခြင်းကို အခြားဥပမာအဖြစ် ထောက်ပြခဲ့ရာ၊ ၎င်းမှာ ပုဂ္ဂိုလ်ရေးအချက်အလက်ဆိုင်ရာလုံခြုံမှုကြောင့် ဖြစ်နိုင်သော်လည်း လက်တွေ့တွင်မူ တိုင်းရင်းသားလူနည်းစုများကို မဲပေးပိုင်ခွင့်စာရင်းမှ ဗျူရိုကရေစီအလေ့အထများဖြင့် ပယ်ဖျက်နေကြောင်း အရေးကြီး သတင်းကို အနှောင့်အယှက် ဖြစ်စေခဲ့သည်။

အဆိုပါ ဥပမာများနှင့် အခြားသော ဖြစ်ရပ်များသည် ပလက်ဖောင်းများအခေါ် “မှားယွင်းသော ဖယ်ရှားမှုများ” (False Positives) သို့မဟုတ် အကြောင်းအရာစိစစ်ရေးစနစ်၏ အမှားအယွင်း လက္ခဏာရပ်များဖြစ်သည်။ သို့သော်လည်း မီဒီယာများကမူ ၎င်းကို “ဆင်ဆာဖြတ်တောက်မှု”ဟုသာ ခေါ်ဆိုကြပြီး မီဒီယာလွတ်လပ်ခွင့်အပေါ် ပလက်ဖောင်းများ၏ ကြားဝင်နှောင့်ယှက်မှုအပေါ် များစွာ စိတ်ပျက်မိကြောင်း ဖော်ပြခဲ့ကြသည်။ သတင်းထောက် တဦးက “တကယ့်ကို အရေးကြီးတဲ့ သတင်းတွေဟာ ဆင်ဆာဖြတ်တောက် ခံနေရတယ်” ဟု ပြောကြားခဲ့သည်။

## “အတွင်းပိုင်း လုပ်ဆောင်ချက်ကို အမှောင်ချထားသော" အကြောင်းအရာစိစစ်မှု

မီဒီယာများက ဤပလက်ဖောင်းစိစစ်ရေးစနစ်ကို အသုံးပြုသူများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ပုံအဆင့်ဆင့်ကို မသိရှိနိုင်သော၊ ပွင့်လင်းမြင်သာမှုမရှိသည့် “Black box” အဖြစ် သတ်မှတ်ကြသည်။ ဤစနစ်များသည် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လိုအပ်သည့် သိမ်မွေ့နက်နဲသော အခြေအနေမှန်များကို အလေးထားစိစစ်ရမည့်အစား၊ ကုန်ကျစရိတ်သက်သာသည့် အယ်လ်ဂိုရီသမ် (Algorithm) ဖြင့် အလိုအလျောက် လုပ်ဆောင်ခြင်းကိုသာ ဦးစားပေးသဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှာ ဆင်ဆာဖြတ်တောက်သူများအဖြစ် ပြောင်းလဲသွားခဲ့သည်။

ထိုစနစ်၏ ဆုံးဖြတ်ချက်ချမှတ်မှုများသည် ပွင့်လင်းမြင်သာမှုမရှိ ဝေဝါးသောကြောင့် ၎င်းကို “အတွင်းပိုင်း လုပ်ဆောင်ချက်ကို အမှောင်ချထားသော" စနစ် (Black box) ဟု လူသိများသည်။ မီဒီယာလုပ်ငန်းများ၏ ၇၅ % က ၎င်းတို့၏ အကြောင်းအရာများ ဖျက်သိမ်းခံရမှုနှင့် ပတ်သက်၍ “တိကျသော အကြောင်းပြချက် တစုံတရာ ပေးမထားဘဲ” စည်းကမ်းချက်များကို ချိုးဖောက်သည်ဟုသာ ယေဘုယျဆန်ဆာန် ဖော်ပြထားသည့် အကြောင်းကြားစာများကို ရရှိခဲ့ကြသည်ဟု ဆိုသည်။ ဤကဲ့သို့ ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် အယ်ဒီတာများအနေဖြင့် မည်သည့်အချက်က အကြောင်းအရာ ဖျက်သိမ်းမှုကို ဖြစ်ပေါ်စေသနည်းဆိုသည်ကို အမြဲတစေ ပဟေဠိဆန်စွာ ခန့်မှန်းနေရသဖြင့် မီဒီယာများမှာ “အမြဲတမ်း စိုးရိမ်ပူပန်” နေရသည်။

ထို့ပြင် အဆိုပါ အတွင်းပိုင်း လုပ်ဆောင်ချက်ကို အမှောင်ချထားသော Black Box စနစ်များသည် ပဋိပက္ခတခုအကြောင်းကို သတင်းမှတ်တမ်းတင်မှုနှင့် တိုက်ခိုက်ရေးသမားတဦး၏ အကြမ်းဖက်မှုလှုံ့ဆော်မှုကို ဖြစ်စေ၊ သို့မဟုတ် အများပြည်သူအကျိုးစီးပွားဆိုင်ရာ သတင်းနှင့် အစွန်းရောက်ဝါဒဖြန့်ချိမှုကိုဖြစ်စေ မခွဲခြားနိုင်သောအခါ အယ်လ်ဂိုရီသမ်၏ ပင်ကိုယ်အလိုအလျောက် မှတ်ဉာဏ်အရ နှစ်ခုစလုံးကို ဖျက်ပစ်လေ့ရှိသည့်အချက်အပေါ် မီဒီယာများက စိုးရိမ်ပူပန်ကြသည်။

ပြည်သူများအနေဖြင့် မရေမရာဖြစ်သော ဥပဒေများနှင့် ရင်ဆိုင်ရသည့်အခါ မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်ကြသကဲ့သို့ပင် အကြောင်းအရာစိစစ်ဖြတ်တောက်မှုစနစ်အပေါ် ရေရေရာရာမရှိခြင်းကလည်း မိမိကိုယ်ကိုယ် ကြိုတင်ဆင်ဆာဖြတ်မှုများကို ပြုလုပ်ကျင့်သုံးလာစေသည်။ မီဒီယာများသည် အယ်လ်ဂိုရီသမ်အရ အဆင်ပြေ၊ မပြေ မသေချာသောသတင်းများကို တင်ပြရာတွင် ဘေးထွက်

ဆိုးကျိုး ရှိ၊ မရှိကို ရည်ရွယ်၍ဖြစ်စေ၊ သို့မဟုတ် မရည်ရွယ်ဘဲဖြစ်စေ ကြိုတင်တွက်ဆပြီး စွန့်စား နေကြရသည်။

**အကြမ်းဖက်မှုအကြောင်းအရာဆိုင်ရာ ပဟေဋ္ဌိ**

*"ပဋိပက္ခနဲ့ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ သတင်းဖော်ပြမှုတွေကို ဖယ်ရှားလိုက်တာဟာ ပလက်ဖောင်းတွေက မျက်မြင်သက်သေကို အပြစ်ပေးနေပြီး လူသတ်သမားကို သက်သေအထောက်အထား ဖုံးကွယ်နိုင်အောင် ကူညီပေးလိုက်တာပဲ ဖြစ်တယ်"*

အတွင်းပိုင်း လုပ်ဆောင်ချက်ကို အမှောင်ချထားသော Black Box စနစ်များ၏ ပြဿနာရှိလှသည့် ဆုံးဖြတ်ချက်ချမှတ်မှုများနှင့် ပတ်သက်၍ အများဆုံး ထောက်ပြပြောဆိုကြသော ဥပဒေတခုမှာ အကြမ်းဖက်မှု ဖြစ်ရပ်များနှင့် ဆက်စပ်နေခြင်းပင် ဖြစ်သည်။ မီဒီယာများသည် သတင်းတန်ဖိုးရှိသော အကြမ်းဖက်မှုဖြစ်ရပ်များကို တင်ပြလိုကြသော်လည်း ထိုသို့တင်ပြခြင်းက ပလက်ဖောင်းများပေါ်တွင် အကြမ်းဖက်မှုများ မရှိစေရန် ဖန်တီးထားသည့် အလိုအလျောက်စနစ်များကို စတင်အလုပ်လုပ်စေပြီး ဆင်ဆာအဖြတ်ခံရမှုကို မကြာခဏ ဖြစ်ပေါ်စေသည်။ ပလက်ဖောင်းများသည် အကြမ်းဖက်မှု ကျူးလွန်သူများနှင့် အများပြည်သူအကျိုးစီးပွားအတွက် အဆိုပါအကြမ်းဖက်မှုကို မှတ်တမ်းတင်နေသည့် မီဒီယာများကို ခွဲခြားရန် ပျက်ကွက်ခဲ့ကြသည်။

ထို့ကြောင့် မီဒီယာလုပ်ငန်းများ၏ ၆၈% တွင် အကြမ်းဖက်မှုနှင့် ဆက်စပ်သည့် သတင်းများ ဖျက်ချခံခဲ့ရသည်ဟု ဆိုသည်။ အယ်ဒီတာတဦးက "ပလက်ဖောင်းတွေက ပဋိပက္ခအကြောင်း ကျွန်တော်တို့ သတင်းတင်ပြချက်တွေကို ဖျက်ပစ်လိုက်တာဟာ သက်သေကို အပြစ်ပေးပြီး လူသတ်သမားကို အထောက်အထား ဖျောက်ဖျက်ဖို့ ကူညီပေးနေသလို ဖြစ်နေတယ်" ဟု ရင်ဖွင့်ညည်းတွားခဲ့သည်။ အခြားသတင်းထောက်တဦးကလည်း "စစ်တပ်ကျောထောက်နောက်ခံပြု ပါတီတခုက ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေတယ်၊ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍကတော့ သူတို့ကျူးလွန်နေတဲ့ အကြမ်းဖက်မှုတွေကို မဲဆန္ဒရှင်တွေ မြင်တွေ့အောင် ချပြဖို့ပဲ ဖြစ်တယ်" ဟု ပြောကြားခဲ့သည်။

## အမုန်းစကား၊ တဦးတယောက်၏ ပုံရိပ်ကို အသုံးပြု၍ အယောင်ဆောင်ခြင်း နှင့် ဉာဏပိုင်ဆိုင်မှု

မီဒီယာများ၏ အကြောင်းအရာများ ဖျက်သိမ်းခံရမှုတွင် အကြမ်းဖက်မှုဆိုင်ရာ အကြောင်းပြချက်ကို အများဆုံး ထောက်ပြကြသော်လည်း၊ အခြားသော စိစစ်ဖြတ်တောက်မှု မူဝါဒများကိုလည်း ကျင့်သုံးခဲ့ကြသည်။

- အမုန်းစကား - စစ်တမ်းတွင် ပါဝင်ခဲ့ကြသည့် မီဒီယာလုပ်ငန်းများ၏ ၃၀% တွင် ခွဲခြားဆက်ဆံမှုမပြုရေး စည်းကမ်းချက်များအောက်၌ အကြောင်းအရာများ ဖျက်သိမ်းခံခဲ့ရသည်ဟု ဆိုသည်။ ၎င်းမှာ ရိုဟင်ဂျာကဲ့သို့သော လူနည်းစုအုပ်စုများအကြောင်း သတင်းတင်ပြခြင်း သို့မဟုတ် စစ်တပ်၏ ခွဲခြားဆက်ဆံတတ်သော မိန့်ခွန်းများအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန် ဝေဖန်ထောက်ပြခြင်းတို့ကြောင့် ဖျက်သိမ်းခံရလေ့ရှိခြင်း ဖြစ်သည်။
- တဦးတယောက်၏ ပုံရိပ်ကို အသုံးပြု၍ အယောင်ဆောင်ခြင်း - မီဒီယာလုပ်ငန်းများ၏ ၂၇% တွင် စစ်ဘက်ဆိုင်ရာ အရာရှိများပါဝင်သည့် သတင်းများကြောင့် အကြောင်းအရာများ ဖျက်သိမ်းခံခဲ့ရသည်ဟု ဆိုသည်။ အများပြည်သူက (အာဏာပိုင်များ၏ လုပ်ရပ်ကို) စောင့်ကြည့်စစ်ဆေးရန် ရည်ရွယ်ချက်ဖြင့် တင်ပြခြင်းဖြစ်သော်လည်း၊ ပလက်ဖောင်းများက ၎င်းကို တဦးတယောက်၏ ပုံရိပ်ကို အသုံးပြု၍ အယောင်ဆောင်ခြင်းဟု သတ်မှတ်ကာ သတိပေးချက် ပေးပို့ခဲ့ကြသည်။
- မူပိုင်ခွင့်ချိုးဖောက်မှု - မီဒီယာလုပ်ငန်းများ၏ ၃၀% တွင် မူပိုင်ခွင့်ချိုးဖောက်မှုကြောင့် အကြောင်းအရာများ ဖျက်သိမ်းခံခဲ့ရသည် ဟုဆိုသည်။ စစ်တပ်ထောက်ခံသူများက (စနစ်၏) အလိုအလျောက် ပိတ်ဆို့ကန့်သတ်မှုများ စတင်လုပ်ဆောင်လာစေရန် သတင်းဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများ၏ မူပိုင်ခွင့်အား မဟုတ်မမှန် လုပ်ကြံတောင်းဆိုကာ အသုံးချလာသော နည်းဗျူဟာလက်နက်တခု ဖြစ်သည်ဟု အချို့က ပြောကြားခဲ့ကြသည်။

## ရွေးကောက်ပွဲ ကာလအတွင်း အကြောင်းအရာစိစစ်မှု ပိုမိုဆိုးရွားလာခြင်း

နိုင်ငံတကာစံနှုန်းများအရ ဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာနှင့် စစ်မှန်မှုကို ကာကွယ်ရန် တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်သော်လည်း၊ စစ်တမ်းတွင်ပါဝင်ကြသော မီဒီယာလုပ်ငန်းများ၏ ၇၉% တွင်မူ အလွန်အကျွံ စိစစ်ဖြတ်တောက်ခံရမှု၊ သို့မဟုတ် ပလက်ဖောင်းများအခေါ် "မှားယွင်းသော ဖယ်ရှားမှုများ" (False Positives) လျော့နည်းသွားခြင်း မရှိသည်ကို တွေ့ရသည်။ အယ်ဒီတာတဦးက "လူမှုကွန်ရက်ပလက်ဖောင်းတွေဟာ သတင်းတွေကို လူထုအမြောက်အမြားဆီ မရောက်ရှိနိုင်အောင် ဆက်လက်လုပ်ဆောင်နေကြတယ်" ဟု သုံးသပ်ပြောကြားခဲ့သည်။

*ပါဝင်ဖြေဆိုသူမီဒီယာ ၂၁ % က အမှားအယွင်းများ မြင့်တက်လာမှုနှင့်အတူ ရွေးကောက်ပွဲကာလအတွင်း အလွန်အကျွံ စိစစ်ဖြတ်တောက်မှုများ အမှန်တကယ် ပိုမိုဆိုးရွားလာသည်ဟု ယုံကြည်ကြသည်။*

ကျန်ရှိသည့် ၂၁% ကမူ ရွေးကောက်ပွဲကာလအတွင်း အမှားအယွင်းများ ပိုမိုများပြားလာပြီး အလွန်အကျွံ စိစစ်ဖြတ်တောက်မှုများ ပိုမိုဆိုးရွားလာခဲ့သည်ဟု ယူဆကြသည်။ အယ်ဒီတာတဦးက "ရွေးကောက်ပွဲကာလအတွင်းမှာ ပလက်ဖောင်းတွေဟာ သတင်းဖျက်ပစ်တာ၊ သတင်းဖော်ပြချက်တွေမှာ အချက်အလက်စစ်ဆေးခြင်းဆိုင်ရာ သတိပေးမှတ်ချက်တွေ လာကပ်တာနဲ့ သတင်းပျံ့နှံ့မှုကို ကန့်သတ်တာတွေအပါအဝင် ပိုမိုတင်းကျပ်တဲ့ အရေးယူမှုတွေကို လုပ်ဆောင်ခဲ့ကြတယ်" ဟု မှတ်ချက်ပြုခဲ့သည်။ အထူးသဖြင့် ထိုသို့ အချက်အလက်စစ်ဆေးခြင်းဆိုင်ရာ သတိပေးမှတ်ချက် (factcheck labels) များသည် ရွေးကောက်ပွဲနှင့်ပတ်သက်၍ စစ်တပ်၏ သတင်းမှားများနှင့် ဝါဒဖြန့်မှုများကို တန်ပြန်ရန် အများပြည်သူမှ မီဒီယာကို အလိုအပ်ဆုံးအချိန်၌ မီဒီယာ၏ ယုံကြည်စိတ်ချရမှု (သို့မဟုတ် တရားဝင်မှု) ကို ပျက်ပြားစေခဲ့သည်။

ပလက်ဖောင်းများကို ၎င်းတို့၏ အကြောင်းအရာကန့်သတ်ချုပ်ချယ်မှုအဆင့်အလိုက် အစဉ်လိုက် အဆင့်သတ်မှတ်ရာတွင် ရှင်းလင်းပြတ်သားသော ဘုံသဘောတူညီချက်တခု ထွက်ပေါ်လာခဲ့သည်။ Facebook သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် အကြီးမားဆုံးသော အတားအဆီး

ဖြစ်ကြောင်း ဖော်ထုတ်သိရှိခဲ့ရပြီး၊ စစ်တမ်းတွင် ပါဝင်ဖြေဆိုသူမီဒီယာလုပ်ငန်းများ၏ ၆၅% က Facebook သည် အခြားသော ပလက်ဖောင်းများထက် အကြောင်းအရာများကို ပိုမိုများပြားသော အချိုးအစားဖြင့် ဖျက်ချပစ်ခဲ့သည်ဟု ပြောကြားခဲ့ကြသည်။ ၎င်း၏နောက်တွင် YouTube က ၂၀% နှင့် TikTok က ၁၅% ဖြင့် အကြောင်းအရာကန့်သတ်ချုပ်ချယ်မှုအဆင့်အလိုက် အသီးသီး ရပ်တည်နေ ကြသည်။ ပြည်သူလူထုထံ သတင်းပျံ့နှံ့ရောက်ရှိရန်အတွက် အရေးပါဆုံးဖြစ်သော ပလက်ဖောင်း များသည်ပင်လျှင် မီဒီယာများအတွက် ၎င်းတို့၏သတင်းအကြောင်းအရာများအား အကြမ်းတမ်းဆုံး ဖျက်ချခံနေရသည့် ပတ်ဝန်းကျင်များ ဖြစ်နိုင်ကြောင်း ဤအဆင့်သတ်မှတ်ချက်များက ညွှန်ပြနေ သည်။

## ကုစားမှုနှင့် အယူခံဝင်ခြင်း၏ အရာမထင်မှု

ဒစ်ဂျစ်တယ်ပလက်ဖောင်း အများစုတွင် အယူခံဝင်သည့် စနစ်များအပါအဝင် ဖျက်သိမ်းခံလိုက် ရသော အကြောင်းအရာများအတွက် ပြန်လည်ကုစားခွင့် တောင်းခံနိုင်သည့် လုပ်ထုံးလုပ်နည်း ယန္တရားများ ရှိကြသည်။ သို့သော်လည်း မီဒီယာအဖွဲ့အစည်း အမြောက်အမြားအတွက်မူ မမျှတသော အကြောင်းအရာပယ်ဖျက်မှုတခုကို ပြန်လည်တုံ့ပြန် စိန်ခေါ်ခြင်းသည် မည်သို့မျှ အရာထင်လာမည် မဟုတ်သော၊ အလဟဿ အားထုတ်မှုတခုအဖြစ်သာ ရှုမြင်ကြသည်။ စစ်တမ်းတွင် ဖြေဆိုသူ မီဒီယာလုပ်ငန်းများ၏ ၈၈% က ဖျက်သိမ်းခံရမှုများကို အယူခံဝင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း၊ ၈၂% မှာမူ ထိုလုပ်ငန်းစဉ်သည် လုံးဝ အသုံးမဝင်ကြောင်း တွေ့ရှိခဲ့ကြသည်။ ဂျာနယ်လစ်တဦးက "ဒါဟာ နားထောင်ပေးမယ့်လူမရှိတဲ့ လေဟာနယ်ထဲ လှမ်းအော်နေရသလိုပါပဲ" ဟု ပြောကြားခဲ့သည်။ အခြားသူတဦးကလည်း "ကျွန်တော်တို့ အယူခံဝင်ဖို့ ကြိုးစားခဲ့ပေမဲ့ အလုပ်မဖြစ်ခဲ့ပါဘူး။ အဲဒီအစား ပလက်ဖောင်းကြောင့်ပဲ ကျွန်တော်တို့ရဲ့ သတင်းပျံ့နှံ့ရောက်ရှိမှု (reach) တွေ အများကြီး ဆုံးရှုံးခဲ့ ရတယ်" ဟု မှတ်ချက်ပြုခဲ့သည်။

နိုင်ငံရေးနှင့်ပတ်သက်သော အကြောင်းအရာများအတွက် အယူခံဝင်ခြင်းသည် သတင်းတန်ဖိုးရှိမှု တွင် အငြင်းပွားစရာမလိုဘဲ ထင်ရှားနေသည့်တိုင်အောင် အထူးပင် ခက်ခဲလှသည်ဟု မီဒီယာများက ဆိုကြသည်။ အယ်ဒီတာတဦးက ၎င်း၏ စိတ်ပျက်မိပုံကို "နိုင်ငံရေးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ ဆိုရင် အယူခံနိုင်ဖို့ တော်တော်လေး ပိုခက်ခဲတယ်လို့ ခံစားရတယ်" ဟု ရင်ဖွင့်ခဲ့သည်။ အခြား သူတဦးကမူ "နိုင်ငံရေးအကြောင်းအရာတွေဟာ သတင်းတန်ဖိုး အလွန်မြင့်မားတာကြောင့် မီဒီယာ တွေရဲ့အယူခံဝင်မှုတွေဟာ အခုထက်ပိုပြီး အလုပ်ဖြစ်သင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

*မီဒီယာဆိုင်ရာ အထူးအကူအညီအတွက် ဆက်သွယ်ရန် အခက်ခဲဆုံး ပလက်ဖောင်းများကို အဆင့်သတ်မှတ်ရန် မေးမြန်းသောအခါ စစ်တမ်းတွင် ပါဝင်ဖြေဆိုသူမီဒီယာ ၄၈% က Facebook ကို ညွှန်ပြခဲ့ကြသည်။*

ပလက်ဖောင်းများ၏ အကြောင်းအရာစိစစ်ဖြတ်တောက်မှုစနစ်တွင် လူသားများနှင့် တိုက်ရိုက် ထိတွေ့ဆက်သွယ်၍မရခြင်း အပါအဝင် မြန်မာနိုင်ငံ၏ အခြေအနေကို နားလည်သဘောပေါက်မှု မရှိခြင်းတို့သည် မီဒီယာများအတွက် အဓိကစိုးရိမ်ပူပန်စရာ ကိစ္စရပ်များအဖြစ် ဆက်လက်တည် ရှိနေသည်။ ပလက်ဖောင်းအများစုသည် မီဒီယာကဏ္ဍကို ကိုင်တွယ်ဖြေရှင်းပေးသည့် မီဒီယာအထူး ပြုအဖွဲ့များကို ဦးစားပေးအဆင့် လျှော့ချပစ်ခဲ့ကြသည်ဟု ယူဆရပြီး၊ ထို့အတွက်ကြောင့် သတင်း ဌာနများမှာ “မိမိတို့၏ တင်ပြချက်ကို နားထောင်ပေးမည့်သူ မရှိတော့သော” အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။

မီဒီယာဆိုင်ရာ သီးသန့်အကူအညီများ ရယူရန်အတွက် ဆက်သွယ်ရအခက်ခဲဆုံးသော ပလက်ဖောင်း များကို အဆင့်သတ်မှတ်ရန် မေးမြန်းသည့်အခါ မီဒီယာလုပ်ငန်းများ၏ ၄၈% က Facebook ကို ထောက်ပြခဲ့ကြပြီး၊ ၎င်း၏နောက်တွင် YouTube က ၂၈% နှင့် TikTok က ၂၄% ဖြင့် အသီးသီး ရှိနေကြသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပလက်ဖောင်းများနှင့် ကြားဝင်ညှိနှိုင်းပေးသည့် တိုင်အောင်ပင် ထိုလုပ်ငန်းစဉ်သည် အလွန်နှောင့်နှေးကြန့်ကြာလှသည်။ အယ်ဒီတာတဦးက “နောက်ဆုံး အကြောင်းအရာကို ပြန်တင်ခွင့်ရခဲ့ရင်တောင် ပလက်ဖောင်းက အကြောင်းပြန်ကြားလာ တဲ့အချိန်မှာ အဲဒီသတင်းက ဟောင်းသွားပြီ” ဟု ပြောကြားခဲ့သည်။ ရွေးကောက်ပွဲကာလအတွင်း ၂၄ နာရီပတ်လုံး လည်ပတ်နေသော သတင်းစီးဆင်းမှုစနစ်တွင် သတင်းတခု ဖျက်ချခံရခြင်းသည် ဆုံးရှုံးမှုတခုဖြစ်ပြီး၊ တပတ်ခန့် ကြာမြင့်မှသာ အဆိုပါဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပေးခြင်းက အောင်မြင်မှုမမည်ပါ။

## ဘဏ္ဍာရေးအရ ချန်လှပ်ကန့်သတ်ခံရခြင်းနှင့် မီဒီယာ ရေရှည်ရပ်တည်နိုင်မှု အပေါ် ၎င်းအချက်၏ သက်ရောက်မှု

မီဒီယာရေရှည်ရပ်တည်နိုင်စွမ်းရှိခြင်းသည် မီဒီယာ၏အမှီအခိုကင်းခွင့်၊ ရေရှည်တည်တံ့ခွင့်နှင့် လွတ်လပ်ခွင့်တို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ မြန်မာ့မီဒီယာလောက၏ ရေရှည်ရပ်တည်နိုင်စွမ်းသည် ပြည်ပသို့ တိမ်းရှောင်အခြေစိုက်နေရခြင်းကြောင့် အထူးပင် လှုပ်ခတ်လွယ်ပြီး စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။ စစ်တပ်က အများပြည်သူဆိုင်ရာနယ်ပယ်များကို ထိန်းချုပ်ထားပြီး၊ ရုပ်သံလွှင့်လှိုင်းနှုန်းစဉ် (broadcast spectrum) အသုံးပြုခွင့်ကို ပိတ်ပင်ထားသည့်အပြင်၊ ကုမ္ပဏီများကိုလည်း (လွတ်လပ်သည့်မီဒီယာများတွင် ကြော်ငြာထည့်သွင်းပါက) လက်တုံ့ပြန်အရေးယူမည်ဟု ခြိမ်းခြောက်ထားခြင်းကြောင့် သတင်းစာရောင်းချခြင်းနှင့် ကြော်ငြာလက်ခံခြင်းကဲ့သို့သော မိရိုးဖလာ ဝင်ငွေရရှိသည့် လမ်းကြောင်းများမှာ လုံးဝနီးပါး အလုပ်မဖြစ်နိုင်တော့ပေ။

ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ နှစ်ကာလရှည် ရန်ပုံငွေပံ့ပိုးပေးလာခဲ့သည့် အလှူရှင်နိုင်ငံအချို့က မြန်မာနိုင်ငံအတွက် နိုင်ငံတကာအကူအညီများအားလုံးကို ရုပ်သိမ်းခဲ့ကြသောကြောင့် မီဒီယာများ ရေရှည်ရပ်တည်နိုင်စွမ်းအပေါ် ထိခိုက်ပျက်ပြားစေမှုမှာ ပိုမိုဆိုးရွားလာခဲ့သည်။ အမေရိကန်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် မီဒီယာများသို့ ပေးအပ်နေသော ရန်ပုံငွေအားလုံးကို ဖြတ်တောက်ခဲ့ပြီး၊ ဆွီဒင်နိုင်ငံကလည်း ၂၀၂၆ ခုနှစ် ဇွန်လနောက်ဆုံးထား၍ အကူအညီများကို အဆင့်လိုက် လျှော့ချရပ်ဆိုင်းသွားမည်ဟု ကြေညာခဲ့ကာ၊ ဂျာမနီနိုင်ငံကလည်း မကြာသေးမီကပင် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ ကတိကဝတ်များကို လျှော့ချခဲ့သည်။

### ပလက်ဖောင်းမှ ဝင်ငွေရှာဖွေနိုင်မှု အကျပ်အတည်း

ဤအခြေအနေကြောင့် လွတ်လပ်သည့် မီဒီယာများအနေဖြင့် ရေရှည်ရှင်သန်နိုင်ရေးအတွက် လူသိများလှသော "ပလက်ဖောင်းမှ ဝင်ငွေရှာဖွေခြင်း" (monetisation) ဟုခေါ်သည့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများမှရသော ဝင်ငွေအပေါ်၌သာ သိသိသာသာ ပိုမို၍မှီခိုအားထားလာရသည့် အနေအထားသို့ ဆိုက်ရောက်ခဲ့သည်။ သို့သော်လည်း မီဒီယာလုပ်ငန်းများအနက် ၃၅% သာ Facebook ပေါ်တွင် အကြောင်းအရာများမှတဆင့် ဝင်ငွေရှာဖွေခြင်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြပြီး၊ YouTube တွင် ၃၉% နှင့် TikTok တွင်မူ ၁၃% သာ အောင်မြင်မှု ရှိခဲ့ကြသည်။ အမှန်စင်စစ်အားဖြင့် မီဒီယာလုပ်ငန်းများ၏ ၅၀% မှာ ပလက်ဖောင်းဝင်ငွေရှာဖွေခြင်းလမ်းကြောင်းမှ ဝင်ငွေ တပြားတချပ်

မှု မရရှိကြပေ။ ပလက်ဖောင်းများ၏ ဝင်ငွေခွဲဝေမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ပဋိပက္ခ အခြေအနေနှင့် ပြည်ပသို့တိမ်းရှောင်အခြေစိုက်ရသည့်အခြေအနေတွင် မီဒီယာများ ရင်ဆိုင်နေရသည့် ပကတိအခြေအနေများကို လိုက်လျောညီထွေ ကိုင်တွယ်ဖြေရှင်းပေးနိုင်လောက်အောင် လိုက်လျောပျော့ပြောင်းမှု မရှိကြောင်းကို ဤကဲ့သို့ နည်းပါးလွန်းသော အချိုးအစားက ထင်ဟပ်ဖော်ပြနေသည်။

အဓိကအဟန့်အတားမှာ ပလက်ဖောင်းများသည် ၎င်းတို့၏ ဝင်ငွေရှာဖွေခွင့်ဆိုင်ရာ သတ်မှတ်ချက်များကို အမေရိကန်ကဲ့သို့သော နိုင်ငံများ၏ လက်တွေ့အခြေအနေအပေါ် အခြေခံကာ နိုင်ငံအားလုံးအတွက် စံတခုတည်း အတင်းအကျပ်သတ်မှတ်ထားခြင်းကြောင့် ဖြစ်သည်။ ပလက်ဖောင်းများမှ တဆင့် ဝင်ငွေမရရှိကြသော မီဒီယာများအနက် ၅၀% က အဆိုပါ ပလက်ဖောင်းများ၏ စည်းကမ်းသတ်မှတ်ချက်များသည် ပြည်ပသို့ တိမ်းရှောင်အခြေစိုက်နေရသည့် အခြေအနေမျိုးတွင် မည်သို့မျှ မအောင်မြင်နိုင်၊ မပြည့်မီနိုင်သော အရာများဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ ပလက်ဖောင်းများသည် ခိုင်မာသော ကော်ပိုရိတ်တည်ငြိမ်မှုနှင့် တရားဝင် စီးပွားရေးလုပ်ငန်း မှတ်ပုံတင်ထားခြင်းမျိုးကို တောင်းဆိုကြသော်လည်း၊ ဥပဒေကြောင်းအရ မရေမရာဖြစ်ပြီး အကာအကွယ်မဲ့နေသည့် အခြေအနေတွင် လည်ပတ်နေရသော မီဒီယာများအတွက်မူ ထိုအချက်သည် မည်သို့မျှ မဖြစ်နိုင်ပေ။ အယ်ဒီတာတဦးက "ပလက်ဖောင်းတွေက ကျွန်တော်တို့ကို သူတို့ရဲ့ ဝင်ငွေရှာဖွေခွင့် အစီအစဉ် (monetisation programme) ထဲ ဝင်ခွင့်မပြုတဲ့အတွက်ကြောင့် ပလက်ဖောင်းတွေဆီကနေ ဘာဝင်ငွေမှ မရပါဘူး" ဟု ပြောကြားခဲ့သည်။

*"ဝင်ငွေရှာဖွေခွင့် ငြင်းပယ်ခြင်းဟာ ဆင်ဆာဖြတ်တောက်မှုရဲ့ နောက်ထပ် ပုံစံ တမျိုးပါပဲ"*

မီဒီယာအများစုသည် ၎င်းတို့ ခိုလှုံရာအိမ်ရှင်နိုင်ငံများတွင် တရားဝင် စီးပွားရေးလုပ်ငန်းအဖြစ် မှတ်ပုံတင်နိုင်ခြင်း မရှိကြသောကြောင့် ပလက်ဖောင်းများက တောင်းဆိုသည့် သီးသန့်ဘဏ်စာရင်းများကို ဖွင့်လှစ်နိုင်ခြင်း မရှိကြပေ။ မီဒီယာပိုင်ရှင်တဦးက "Facebook က လက်ခံနိုင်တဲ့ ဘဏ်စာရင်းမျိုး ကျွန်တော်တို့ဆီမှာ မရှိတဲ့အတွက်ကြောင့် ဝင်ငွေမရပါဘူး" ဟု ပြောကြားခဲ့သည်။ အလားတူ အခြားမီဒီယာပိုင်ရှင်တဦးကလည်း "ကျွန်တော်တို့ အရင်ကတော့ YouTube ကနေ ဝင်ငွေရခဲ့ပေမဲ့ အခုနောက်ပိုင်းမှာတော့ သူတို့ဆီကနေ ဘာမှမရတော့ပါဘူး" ဟု ပြောဆိုခဲ့သည်။

ပလက်ဖောင်းများသည် မြန်မာ့မီဒီယာများက အသက်အန္တရာယ်များစွာကြားမှ ခက်ခက်ခဲခဲ ထုတ်လုပ်ထားသော အကြောင်းအရာများအပေါ်တွင် ကြော်ငြာဝင်ငွေများကို ကောက်ခံရယူနေသော်လည်း၊ ရရှိလာသည့် အမြတ်အစွန်းများ၏ ၁၀၀% လုံးကိုမူ ၎င်းတို့ဘာသာ ယူထားသောကြောင့် ဤအခြေအနေက (မြန်မာ့မီဒီယာများအား) ချန်လှပ်ကန့်သတ်ထားသည့် သံသရာစက်ဝန်းတခုကို ဖြစ်ပေါ်စေသည်။ အယ်ဒီတာတဦးက "ပလက်ဖောင်းတွေက ကျွန်တော်တို့ကို သိသိသာသာ ခွဲခြားဆက်ဆံနေကြတာပါ" ဟု ပြောကြားခဲ့သည်။ အခြားအယ်ဒီတာတဦးကလည်း "ဝင်ငွေရှာဖွေခွင့်ကို ငြင်းပယ်တာဟာ (သူတို့ရဲ့) နောက်ထပ် ဆင်ဆာဖြတ်တောက်မှု ပုံစံတမျိုးပဲ" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

## အကြောင်းအရာများကို အလွန်အကျွံ စိစစ်ခြင်းက ဝင်ငွေရှာဖွေခွင့်ကို ဆုံးရှုံးစေသည်

ဝင်ငွေရှာဖွေခွင့်ကို ပိတ်ပင်တားဆီးနေသည့် အခြားအဟန့်အတားတခုမှာ ပလက်ဖောင်းများ၏ အကြောင်းအရာစိစစ်ရေးစနစ်တွင် အသုံးပြုထားသည့် ပိတ်ဆို့အရေးယူမှုဆိုင်ရာ နည်းစနစ်များ (sanctions regime) ဖြစ်သည်။ ၎င်းစနစ်အများစုသည် အကြောင်းအရာတခုကို စည်းကမ်းချက်နှင့် မညီဟု စိစစ်တွေ့ရှိပြီး အရေးယူမှုပြုလုပ်တိုင်းတွင် ဝင်ငွေရှာဖွေခွင့်ကို ဆင့်ကဲဆင့်ကဲ တိုးမြှင့်ပိတ်ပင်သွားလေ့ရှိသည်။ အကြောင်းအရာတခုတည်းကို ဖျက်ပစ်ခံရခြင်းမျိုးသည် ဝင်ငွေရှာဖွေခွင့်အပေါ် သက်ရောက်မှု မရှိနိုင်သော်လည်း၊ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်အထိ ဖျက်ပစ်ခံရပါက ကာလရှည်ကြာစွာ ဝင်ငွေရှာဖွေခွင့် လုံးဝပိတ်ပင်ခံရခြင်းဆီသို့ ဦးတည်သွားစေနိုင်သည်။ လက်ရှိတွင် ဝင်ငွေမရရှိကြသေးသည့် မီဒီယာများအနက် ၁၅% က ဤကဲ့သို့ပိတ်ဆို့အရေးယူမှုပုံစံများကြောင့် ပလက်ဖောင်းဝင်ငွေခွဲဝေမှုအစီအစဉ်များမှ ကန့်သတ်ခံထားရကြောင်း ပြောကြားခဲ့ကြသည်။

အယ်ဒီတာတဦးက "ကျွန်တော်တို့ဟာ လူအများလေးစားတဲ့ သတင်းဌာနတခု ဖြစ်နေတာတောင်မှ ပလက်ဖောင်းရဲ့ အကြောင်းအရာစိစစ်ရေးစနစ်က ကျွန်တော်တို့ကို အမြဲတမ်း စည်းကမ်းဖောက်ဖျက်သူအဖြစ် အချက်ပေးသတင်းပို့တာ၊ အကြောင်းအရာတွေကို ဖြတ်ပစ်တာနဲ့ အကောင့်ကနေ ဝင်ငွေရှာခွင့် ပိတ်ပစ်တာတွေကို စဉ်ဆက်မပြတ် ကြုံတွေ့နေရပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။ ဤအခြေအနေကြောင့် မီဒီယာများမှာ "ဆံခြည်တမျှင်တည်းဖြင့် ဆိုင်းငံ့ထားသည့် ဓားဦးချွန်အောက်တွင် ခေါင်းရောက်နေသကဲ့သို့ အစဉ်အမြဲ စိုးရိမ်ထိတ်လန့်နေရသော စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု" ("Sword of Damocles" effect) ကို အမြဲတမ်းခံစားနေကြရသည်။ ထို့အပြင် သတင်းဌာနများ ရေရှည်ရပ်တည်နိုင်ရေးမှာလည်း မည်သည့်စံနှုန်းဖြင့် အလုပ်လုပ်သည်ကို အမှောင်ချထားသည့် ပလက်

ဖောင်းများ၏ အလိုအလျောက် စိစစ်ရေးစနစ်နှင့် မငြိစွန်းမိစေရန် သတိကြီးစွာ ထိန်းကျောင်းနေရခြင်း၌ မှီတည်နေသည်။

မီဒီယာများ၏ ပြောကြားချက်အရ ပလက်ဖောင်းများသည် နိုင်ငံရေးသတင်းများကိုလည်း ထိခိုက်လွယ်သော အကြောင်းအရာ၊ သို့မဟုတ် ဝင်ငွေရှာဖွေခွင့်မပြုနိုင်သော အကြောင်းအရာအဖြစ် မကြာခဏ သတ်မှတ်လေ့ရှိသည်။ ဤအခြေအနေသည် သတင်းစာပညာ၏ အများအကျိုးဆိုင်ရာ ရည်မှန်းချက်ကို အရေးယူအပြစ်ပေးကာ၊ မီဒီယာများအနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် အခြားအကြောင်းအရာများကိုသာ အဓိကအားစိုက်လာစေသည့် ဆန့်ကျင်ဘက်လမ်းမှားသို့ တွန်းပို့နေသည်။ ဂျာနယ်လစ်တဦးက “ကျွန်တော်တို့အတွက် နိုင်ငံရေးသတင်းတွေကနေ ဝင်ငွေရှာဖို့ အခက်ခဲဆုံးပါပဲ။ ရွေးကောက်ပွဲကာလမှာဆိုရင် သတင်းအားလုံးနီးပါးက နိုင်ငံရေးသတင်းတွေ ဖြစ်နေတာပါ” ဟု မှတ်ချက်ပြုခဲ့သည်။ ဤအခြေအနေသည် မီဒီယာများအား ရွေးကောက်ပွဲအကြောင်း သတင်းတင်ဆက်ရမည့် ၎င်းတို့၏ ဒီမိုကရေစီနည်းကျ တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်မလား၊ သို့မဟုတ် လုပ်ငန်းရေရှည်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ သတင်းတင်ပြချက်များကို ပြုပြင်ညှိနှိုင်းမလားဆိုသည့် မဖြစ်နိုင်သော ရွေးချယ်မှုအကြား အကျပ်ရိုက်စေခဲ့သည်။

## နည်းပညာအသုံးပြု၍ ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်ခြင်း

အမျိုးသမီးသတင်းထောက်များသည် အသက်မွေးဝမ်းကျောင်းနှင့် ကျား/မ ဖြစ်တည်မှုဆိုင်ရာ တိုက်ခိုက်မှုနှစ်မျိုးလုံး၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းထားခဲ့ကြရသည်။ ရွေးကောက်ပွဲကာလအတွင်း အမျိုးသမီးထု၏ ၈၈% က ခွဲခြားဆက်ဆံမှုနှင့် ခြိမ်းခြောက်မှုများ ကြုံရသည်ဟု အစီရင်ခံခဲ့ကြပြီး အမျိုးသားထုတွင်မူ ၈၁% ရှိခဲ့သည်။

ထို့အပြင် ပါဝင်ဖြေဆိုသူ အမျိုးသမီးများထဲမှ ၇၇% က အွန်လိုင်းပေါ်တွင် နည်းပညာအသုံးပြု၍ ကျား/မ အခြေခံ အကြမ်းဖက်မှုများကို သီးသန့်ကြုံတွေ့ခဲ့ရကြောင်း အစီရင်ခံခဲ့ကြသည်။ ၎င်းတို့အနက် ၃၃% ကမူ ထိုသို့တိုက်ခိုက်ရာတွင် မိမိတို့၏ ကိုယ်ရေးကိုယ်တာဘဝနှင့် မိသားစုအသိုက်အဝန်းကို အသရေဖျက်စော်ကားသည့် အသုံးအနှုန်းများဖြင့် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းတို့အနက် ဂုဏ်သိက္ခာပျက်ပြားစေရန် ရည်ရွယ်၍ နည်းပညာမြင့် ပုံရိပ်တု (Deepfake) များ အသုံးပြု၍ တိုက်ခိုက်ခြင်းများလည်း ပါဝင်သည်။ အမျိုးသမီးသတင်းထောက်

တဦးက "သူတို့က ကျွန်မရဲ့ သတင်းတင်ပြချက်တွေကိုပဲ တိုက်ခိုက်ကြတာ မဟုတ်ပါဘူး၊ ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ ခန္ဓာကိုယ်ပိုင်းကိုပါ ပစ်မှတ်ထား တိုက်ခိုက်ကြတာပါ" ဟု ရင်ဖွင့်ခဲ့သည်။ အခြား အမျိုးသမီးတဦးကလည်း "သူတို့က ကျွန်မကိုရော ကျွန်မရဲ့ မိသားစုကိုပါ အရှက်ရစေဖို့အတွက် စစ်တပ်ထောက်ခံတဲ့ ချန်နယ်တွေပေါ်မှာ ရုန့်ရင်းရိုင်းစိုင်းတဲ့ စာသားတွေနဲ့အတူ ကျွန်မရဲ့ ဓာတ်ပုံတွေကို တင်ခဲ့ကြတယ်" ဟု ထွက်ဆိုခဲ့သည်။

## သတင်းခန်း အတွင်းရှိ ခွဲခြားဆက်ဆံမှု

အမျိုးသမီးများ ရင်ဆိုင်နေရသော အဆိုပါစိန်ခေါ်မှုသည် အချို့သော သတင်းခန်းယဉ်ကျေးမှု၌ အမြစ်တွယ်နေပြီး အမျိုးသားအချို့အနေဖြင့် သတိမထားမိဘဲ ရှိနေကြသည်။ မိမိတို့အပေါ် တိုက်ခိုက်မှုများသည် အမျိုးသားသတင်းထောက်များအပေါ် တိုက်ခိုက်မှုနှင့် သဘာဝချင်း ကွဲပြား ခြားနားကြောင်း အမျိုးသမီး ၅၆% က အသိအမှတ်ပြု လက်ခံထားသော်လည်း ၎င်းတို့၏ အမျိုးသားလုပ်ဖော်ကိုင်ဖက်များထဲတွင်မူ ၃၆% သာလျှင် ဤအမြင်ကို လက်ခံကြသည်။

လုပ်ငန်းခွင်အတွင်း ထိုသို့ အသိအမှတ်ပြုမှု အားနည်းခြင်းက အမျိုးသမီးသတင်းထောက်များအား လုပ်ငန်းခွင်အတွင်း အသိုင်းဝိုင်းနှင့် ပိုမိုကင်းကွာစေနိုင်သည်။ အမျိုးသမီးသတင်းသမားတို့သည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းပညာရပ်အား လုပ်ဖော်ကိုင်ဖက်များထံမှ လေးစားမှုမခံရခြင်းမှ သည် လိင်ပိုင်းဆိုင်ရာအသုံးချခံကဲ့သို့ ရှုမြင်ဆက်ဆံခံရခြင်းအထိ အမျိုးမျိုးသော နှောင့်ယှက် စော်ကားမှုများနှင့် ရင်ဆိုင်ရနိုင်ခြေ ရှိသည်။ အယ်ဒီတာတဦးက "အမျိုးသမီးသတင်းထောက်တွေ အလုပ်လုပ်တဲ့အခါ လူထုပတ်ဝန်းကျင်ဆီကနေ လေးစားမှုရရှိတာ နည်းပါးတယ်" ဟု ပြောကြားခဲ့ သည်။ အခြားအယ်ဒီတာတဦးကလည်း "အမျိုးသမီးသတင်းထောက်တွေဟာ လူထုပတ်ဝန်းကျင် ဆီကနေ လိင်ပိုင်းဆိုင်ရာ ရိသဲ့သဲ့လုပ်တာ၊ ချဉ်းကပ်နှောင့်ယှက်တာမျိုးတွေကို မကြာခဏ ရင်ဆိုင် ကြရတယ်" ဟု မှတ်ချက်ပြုခဲ့သည်။

တိုင်းရင်းသားလူနည်းစုများနှင့် လိင်စိတ်ခံယူမှုကွဲပြားသူ (LGBT+) သတင်းထောက်များအတွက်မူ ဒစ်ဂျစ်တယ်နည်းပညာသုံး တိုက်ခိုက်မှုများသည် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းမှ ဖယ်ကြဉ်ပစ်ပယ် လိုသည့် လှုံ့ဆော်ပြောဆိုချက်များနှင့် ဒွန်တွဲနေလေ့ရှိသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုပေးခဲ့သည့် မိမိကိုယ်ကိုယ် LGBT+ အဖြစ် သတ်မှတ်ဖော်ပြထားကြသူ မီဒီယာလောကသား ၂ % အတွက်မူ ၎င်းတို့၏ ဖြစ်တည်မှုသည် လုပ်ဖော်ကိုင်ဖက်များထံမှ အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာသုံး

တိုက်ခိုက်ခံရမှုများ၏ အဓိကအကြောင်းရင်းတခုအဖြစ် မှတ်ယူထားကြသည်။ အယ်ဒီတာတဦးက "LGBT သတင်းထောက်တဦးအနေနဲ့ လုပ်ဖော်ကိုင်ဖက်တွေဆီကနေ နှောင့်ယှက်စော်ကားခံရတာဟာ အခုအချိန်အထိ ဖြစ်ရိုးဖြစ်စဉ်လိုပါပဲ" ဟု ထွက်ဆိုခဲ့သည်။

## နိဂုံး

ယခုအစီရင်ခံစာ၏ ရှာဖွေတွေ့ရှိချက်များအရ မြန်မာနိုင်ငံ၏ လွတ်လပ်သော မီဒီယာများအတွက် ၂၀၂၅–၂၆ ရွေးကောက်ပွဲစက်ဝန်းသည် နိုင်ငံရေးဖြစ်စဉ်တခုသက်သက် မဟုတ်ဘဲ၊ ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်ဂေဟစနစ်ကြီးတခုလုံး ကျရှုံးသွားခဲ့ရသည့် စမ်းသပ်မှုတခု ဖြစ်ကြောင်း သက်သေပြနေသည်။ စနစ်တကျ ကြားဝင်နှောင့်ယှက်ခြင်း၊ အယ်လ်ဂိုရီသမ်ဖြင့် ဖယ်ရှားခြင်း၊ ဘဏ္ဍာရေးအရ လည်ပတ်ခွင့်မရအောင် ပိတ်ဆို့အကြပ်အတည်းဖြစ်စေခြင်း စသည်ဖြင့် ဖော်ပြပါရှိသည့် ယခုအစီရင်ခံစာပါ ဒစ်ဂျစ်တယ်နည်းပညာသုံး တိုက်ခိုက်မှုများသည် ရွေးကောက်ပွဲကျင်းပပြီးစီး၍ ကာလအတန်ကြာသည် အထိဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမှန်တရား ဆက်လက်ရှင်သန်နိုင်ရေးသည် ပဋိပက္ခအတွင်းရှိ မီဒီယာများနှင့် ပတ်သက်၍ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ အပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းကို အခြေခံကျကျ ပြောင်းလဲပစ်ရန်အပေါ်၌သာ လုံးလုံးလျားလျား မူတည်နေတော့သည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များပြုပေးရုံဖြင့် လုံလောက်နေခဲ့သည့် ခေတ်ကာလကို ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ လွတ်လပ်သော မီဒီယာများ ကျဆင်းပျက်သုဉ်းသွားခြင်းမှ ကာကွယ်ရန်အတွက် ဒစ်ဂျစ်တယ်ပလက်ဖောင်းများအနေဖြင့် ဒေသအခြေအနေနှင့် ကိုက်ညီပြီး လူသားဗဟိုပြုသော အချက်အလက်စိစစ်ရေး စနစ်များဆီသို့ ဦးတည်ပြောင်းလဲရမည် ဖြစ်ပြီး၊ ပြည်ပသို့ တိမ်းရှောင်အခြေစိုက်နေရသည့် မီဒီယာများ၏ ထူးခြားသော အခြေအနေကို အသိအမှတ်ပြုကာ အားလုံးပါဝင်နိုင်သော ဝင်ငွေရှာဖွေမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ရမည် ဖြစ်သည်။

အဆိုပါ ဒစ်ဂျစ်တယ်အတားအဆီးများကို ဖယ်ရှားရှင်းလင်းပစ်ရန် ချက်ချင်းလက်ငင်း ကြားဝင်ဆောင်ရွက်ခြင်းမရှိပါက သတင်းအချက်အလက်ကင်းမဲ့သော မြန်မာနိုင်ငံဖြစ်ရေး ဆိုသည့် စစ်တပ်၏ ရည်မှန်းချက်သည် စစ်တပ်တဦးတည်း၏ လက်ချက်ကြောင့်သာမက၊ သတင်းအချက်အလက်အ

တွက် ကမ္ဘာကြီးက မှီခိုအားထားနေရသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏ မရည်ရွယ်ဘဲ ပူးပေါင်းပါဝင်မှုမှတဆင့် အောင်မြင်သွားပေလိမ့်မည်။ ယခုအချိန်တွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် အလှူရှင်များအဖို့ 'လက်ရှိဖြစ်ပွားနေသော ဒစ်ဂျစ်တယ်နည်းပညာသုံး တိုက်ခိုက်မှုများ၏ မြေပြင်ပကတိအခြေအနေကို လိုက်လျောညီထွေ ပြင်ဆင်တုံ့ပြန်မလား၊ သို့မဟုတ် အာဏာရှိသူများကို တာဝန်ခံမှုရှိအောင် ထိန်းကျောင်းဝေဖန်နေသည့် အသံများ အစဖျောက်ခံရသည်ကိုပဲ ထိုင်ကြည့်နေမလား' ဟူသည့်ရွေးချယ်စရာလမ်းမှာ ရှင်းလင်းနေပြီ ဖြစ်သည်။

## အကြံပြုချက်များ

- ဒစ်ဂျစ်တယ်ပလက်ဖောင်းများအနေဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွက် သီးသန့်ရည်ရွယ်သည့် ပုံမှန်ထက်မြင့်တင်ထားသော လူ့အခွင့်အရေးထိခိုက်နိုင်ချေ ကြိုတင်ဆန်းစစ်ချက် (Heightened HRDD)ကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်အခြေအနေကို ထည့်သွင်းစဉ်းစားနိုင်စွမ်းမရှိသည့် အလိုအလျောက် အကြောင်းအရာ စိစစ်ရေးစနစ်အား ဖယ်ရှားပစ်ရမည် ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ဘာသာစကားနှင့် နိုင်ငံရေးဆိုင်ရာ ကွဲပြားခြားနားမှု အနုစိတ်များကိုလည်းကောင်း၊ မီဒီယာများ၏ အခန်းကဏ္ဍကိုလည်းကောင်း နားလည်သဘောပေါက်သည့် ဒေသခံလူသားအခြေပြု စိစစ်ရေးအဖွဲ့များဖြင့် အစားထိုးလဲလှယ်ရမည်။
- ပလက်ဖောင်းများအနေဖြင့် လွတ်လပ်သော မီဒီယာများအတွက် ကင်းလွတ်ခွင့်ပြုထားသည့် စာရင်း သို့မဟုတ် အမြန်လုပ်ငန်းစဉ် ယန္တရားတခုကို ချမှတ်ပေးရမည်ဖြစ်ပြီး၊ ယင်းသည် အများပြည်သူအကျိုးပြု သတင်းစာပညာရပ်အား အကြောင်းပြချက်ခိုင်ခိုင်လုံလုံမရှိဘဲ မတရားဖယ်ရှားခံရခြင်းမှ ကာကွယ်ရန်နှင့် အရေးကြီးသော နိုင်ငံသားဆိုင်ရာ လူမှုရေးနှင့် နိုင်ငံရေးဖြစ်စဉ်များအတွင်း ပြည်သူများထံ သတင်းအချက်အလက် ပျံ့နှံ့ရောက်ရှိမှု ကန့်သတ်ခံရခြင်းမျိုး မဖြစ်စေရန် အာမခံရမည်။
- မြန်မာပြည်တွင်းရှိ စာဖတ်ပရိသတ်များထံမှ ရရှိလာသော ကြော်ငြာဝင်ငွေများသည် လွတ်လပ်သော သတင်းစာပညာရပ်ကို အမှန်တကယ် ထောက်ပံ့ပေးနိုင်ရန်အတွက် ပလက်

ဖောင်းများအနေဖြင့် ပြည်ပသို့တိမ်းရှောင်အခြေစိုက်နေရသည့် မီဒီယာများ လက်လှမ်းမမီနိုင်သော အိမ်ရှင်နိုင်ငံ၏ လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို မတောင်းဆိုဘဲ၊ ၎င်းတို့၏ သတင်းအချက်အလက်များမှတဆင့် ဝင်ငွေရှာဖွေခွင့်ရရှိစေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ အရည်အချင်းစစ် လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲရမည်။

- နိုင်ငံတကာအလှူရှင်များနှင့် နိုင်ငံခြားအစိုးရများအနေဖြင့် ပြည်ပသို့ တိမ်းရှောင်အခြေစိုက်နေရသည့် မီဒီယာများ ရင်ဆိုင်နေရသော ဒစ်ဂျစ်တယ်နည်းပညာသုံး တိုက်ခိုက်မှုများကို ထည့်သွင်းစဉ်းစားပြီး၊ ၎င်းတို့အတွက် ရေရှည်တည်တံ့ကာ မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိအောင် ညှိနှိုင်းနိုင်သော ရန်ပုံငွေကို ပံ့ပိုးပေးသင့်သည်။ ထိုပံ့ပိုးမှုတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာအကူအညီများသာမက၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများအနေဖြင့် ၎င်းတို့၏ နိုင်ငံတကာ လူ့အခွင့်အရေးကတိကဝတ်များကို လေးစားလိုက်နာလာစေရန် ဖိအားပေးတိုက်တွန်းမည့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများအတွက် ကူညီမှုများလည်း ပါဝင်ရမည် ဖြစ်သည်။
- အိမ်ရှင်အစိုးရများအနေဖြင့် ဘေးအန္တရာယ်ရှိရာ နေရပ်သို့ အတင်းအဓမ္မပြန်လည်မပို့ဆောင်ရေး နိုင်ငံတကာဥပဒေ အခြေခံမူများကို လေးစားလိုက်နာရမည်ဖြစ်ပြီး၊ မြန်မာသတင်းထောက်များအပေါ် နည်းမျိုးစုံဖြင့် သွယ်ဝိုက်ဖိအားပေး ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ပြည်နှင်ဒဏ်ပေးမည်ဟု ခြိမ်းခြောက်ခြင်း ပုံစံများအားလုံးကို အဆုံးသတ်ရမည် ဖြစ်သည်။ ထို့ပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် သိပိုင်ခွင့်တို့တွင် ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုပေးရမည် ဖြစ်သည်။

This project was delivered with the support of an international donor organisation that has chosen to remain anonymous for risk management purposes.